မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၈၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပတ်ဝန်းကျင်** ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း ဆိုသည်။

(ခ) **ပတ်ဝန်းကျင်အရည်အသွေး** ဆိုသည်မှာ သဘာဝနှင့်လူသားများ ရေရှည်တည်တံ့ရေးအကျိုးငှာ တိရစ္ဆာန်၊ အပင်နှင့် သဘာဝသယံဇာတအရင်းအမြစ်များအပြင် လူတို့ဖန်တီးပြုလုပ်ထားသော ပစ္စည်းများပါဝင်သည့် သဘာဝ၏ ဟန်ချက်ညီမှုကိုဆိုသည်။

(ဂ) **ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်း** ဆိုသည်မှာ ပတ်ဝန်းကျင် အရည်အသွေး တိုးတက်ရေးနှင့် ထိန်းသိမ်းရေးအလို့ငှာ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအတွက် ယေဘုယျ အရည်အသွေး သတ်မှတ်ချက်ကိုဆိုသည်။

(ဃ) **ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှု** ဆိုသည်မှာ အောက်ပါတို့ကို သတ်မှတ်ရန် အချိန်ကာလ အပိုင်းအခြားအလိုက် စနစ်တကျမှတ်တမ်းပြုလုပ်၍ ခမ့်မှန်းဌာန်ကျကျ အကဲဖြတ်ခြင်းကိုဆိုသည်-
(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကွပ်ကဲမှုဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုအခြေအနေ၊
(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်၊
(၃) အဆောက်အအုံ၊ မြေနေရာနှင့် ဥပစာများတွင် ဖြစ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်အမျိုးမျိုး။

(င) **ညစ်ညမ်းမှု** ဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကိုဖြစ်စေ၊ တိရစ္ဆာန်နှင့်အပင်များကိုဖြစ်စေ ထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ရှိပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထုအပါအဝင် ပတ်ဝန်းကျင်အစိတ်အပိုင်းတစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှု၊ သက်ရောက်စေမှု တစ်ရပ်ရပ်ကိုဆိုသည်။

(စ) **အသံညစ်ညမ်းမှု** ဆိုသည်မှာ စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ပင်ပန်းနွမ်းနယ်မှုဖြစ်စေသော၊ အကြားအာရုံဆုံးရှုံးမှုဖြစ်ပေါ်စေသော သို့မဟုတ် အခြားအသံခံစားမှုကို အနှောင့်အယှက်ဖြစ်စေသော အသံအတိုင်းအတာတစ်ရပ် ဖြစ်ပေါ်နေမှုကိုဆိုသည်။

(ဆ) **ညစ်ညမ်းပစ္စည်း** ဆိုသည်မှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပတ်ဝန်းကျင်အစိတ်အပိုင်း သို့မဟုတ် အခြေခံတစ်ရပ်ရပ်ကို အကျိုးရှိစွာအသုံးပြုခြင်းအား ထိခိုက်စေရန် အရည်အသွေးပြောင်းလဲစေသည့် သို့မဟုတ် ကျန်းမာရေးကို ဘေးအန္တရာယ်ဖြစ်သည့် သို့မဟုတ် ဖြစ်စေနိုင်သည့် သို့မဟုတ် ညစ်ညမ်းမှုကိုဖြစ်စေနိုင်သည့် အစိုင်အခဲ၊ အရည် သို့မဟုတ် အခိုးအငွေ့ကိုဆိုသည်။

(ဇ) **စွန့်ပစ်ပစ္စည်း** ဆိုရာတွင် ပတ်ဝန်းကျင်၌ ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော ပစ္စည်းပမာဏ၊ ဖွဲ့စည်းမှု သို့မဟုတ် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ပတ်ဝန်းကျင်တွင် စွန့်ပစ်သည့်၊ ထုတ်လွှတ်သည့် သို့မဟုတ် စုပုံသည့် ရေဒီယိုသတ္တိကြွပစ္စည်းအပါအဝင် အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့အပြင် ဤဥပဒေနှင့်အညီ စွန့်ပစ်ပစ္စည်းဖြစ်သည်ဟု သတ်မှတ်ထားသော အရာတစ်ခုခုလည်း ပါဝင်သည်။

(ဈ) **ဘေးအန္တရာယ်ရှိပစ္စည်း** ဆိုသည်မှာ ဓာတုပစ္စည်းဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လူ၊ တိရစ္ဆာန်၊ အပင်၊ ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဇီဝလက်နက်အဖြစ် ဖန်တီးအသုံးပြုနိုင်သောပစ္စည်း၊ ချိုကလီးယားလက်နက်အဖြစ် အသုံးပြုနိုင်သောပစ္စည်း၊ မီးလောင်စေတတ်သောပစ္စည်း၊ အောက်ဆီဂျင်ဖြင့် ဓာတ်ပြုစေတတ်သောပစ္စည်း၊ အဆိပ်အတောက်ဖြစ်စေတတ်သောပစ္စည်း၊ ရောဂါဖြစ်ပွားစေတတ်သောပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း၊ မျိုးရိုးဗီဇပြောင်းလဲစေတတ်သောပစ္စည်း၊ စားလောင်စေတတ်သောပစ္စည်း၊ ယားယံရောင်ရမ်းစေခြင်းအပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သောပစ္စည်း သို့မဟုတ် အရာဝတ္ထုကိုဆိုသည်။

(ည) **အကျိုးရှိစွာ အသုံးပြုခြင်း** ဆိုသည်မှာ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ဖြစ်ပေါ်စေနိုင်ရန် စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများ၊ ထုတ်လွှတ်ပစ္စည်းများနှင့် စုပုံပစ္စည်းများ၏ ဆိုးကျိုးသက်ရောက်မှုမှ လိုအပ်သော ကာကွယ်မှုများပြုလုပ်၍ ပတ်ဝန်းကျင်ကိုဖြစ်စေ၊ ပတ်ဝန်းကျင်အခြေခံ တစ်ရပ်ရပ်ကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ရပ်ရပ်ကိုဖြစ်စေ အသုံးပြုခြင်းကိုဆိုသည်။

(ဋ) **ပိုမိုသန့်ရှင်းစွာထုတ်လုပ်မှု** ဆိုသည်မှာ သယံဇာတအရင်းအမြစ်အသုံးချမှု ပိုမိုထိရောက်စေရေး၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးနှင့်ထုတ်လွှတ်အခိုးအငွေ့များ

စာမျက်နှာ ၃ ကော်လံ ၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသီဟဟန်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ထွက်ခွာသွားသည့် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်)

ဈေးသည်နှင့် ဈေးဝယ်

အာရောဂျံပရမံလာဘံ ဆိုစကားအရ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာမှ ချမ်းသာမည်ဟု ပြောစမှတ်ပြုကြသည်။ အကြောင်းမဲ့မဟုတ်။ ကျန်းမာနေပါမှ ဥစ္စာစီးပွားရှာဖွေစုဆောင်းနိုင်ကြမည်။ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွင်း မိမိအတွက်၊ မိသားစုအတွက် ဥစ္စာစီးပွားရှာဖွေနိုင်ကြမည်။ ယနေ့အချိန်တွင် အချို့သောဈေးသည်နှင့် ဈေးဝယ်သူတို့၏ နှစ်ဦးနှစ်ဖက်ရောင်းဝယ်မှုတွင် ကျန်းမာရေးသည် အရေးကြီးကြောင်းကို သတိမမူနိုင်ဘဲရှိကြသည်။

အထူးသဖြင့် အိမ်ရှင်မတို့သည် မိသားစုအတွက် ''စီးတဲ့ရေ ဆည်တဲ့ကန်သင်း''ဆိုသလို ရသမျှငွေကြေးကို စေ့စေ့စပ်စပ် သုံးစွဲတတ်ကြသည်။ သက်သာမှုကို အလေးပေးပြီး ဝယ်ယူစားသုံးကြသည်။ ဈေးဝယ်သူအချို့သည် ဝယ်ယူသောပစ္စည်း လတ်ဆတ်သည်၊ သန့်ရှင်းမှုရှိသည်ကို သေချာစွာ မစစ်ဆေး။ ရောင်းသူအချို့ကလည်း စီးပွားဖြစ်ရန်သာ အလေးပေးရောင်းချတတ်ကြသည်။ မိမိ၏ စီးပွားရေးအကျိုးအမြတ်အတွက်သာ ရောင်းကြခြင်းဖြစ်သည်။ စားသုံးသူဘက်ကိုလည်း ထည့်သွင်းစဉ်းစားရန် မေ့နေတတ်ကြသည်။ မိမိရောင်းလိုသော ရောင်းကုန်သည် မိမိအတွက်လည်း အကျိုးအမြတ်ရှိသလို ဝယ်သူအတွက်လည်း ဆိုးကျိုးမဖြစ်ရန် လိုအပ်သည်။

အချို့သောဈေးသည်တို့သည် အကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်၍ မိမိလက်ထဲတွင် သက်တမ်းကျော်လွန်နေသော၊ ကြာရှည်မခံတော့သော၊ ကျန်းမာရေးအရ စားသုံးရန်မသင့်သော ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချတတ်ကြသည်။ ဝယ်သူတို့ကလည်း သက်သာသောဈေးနှုန်းကိုသာကြည့်ပြီး စိတ်ထဲမှ ''တော်လိုက်တာ…တန်လိုက်တာ''ဟု တွေးပြီး ဝယ်ယူကြသည်။

ယင်းသို့သော အချိန်အတွင်း ကျန်းမာရေးရှုထောင့်ကိုလည်း မစဉ်းစားနိုင်။ မည်သည့်အတွက်ကြောင့် ဈေးတော်သည်၊ တန်သည်ကိုမသိ။ သက်သာသည်ကိုသာ သိသည်။ ယင်းသက်သာသည်ကိုသာသိပြီး စားသုံးမိ၍ ရောဂါဖြစ်ပြီး ဆေးရုံသို့ရောက်သူများ မနည်းလှ။ ထို့ကြောင့် ဈေးရောင်းသူတို့သည် မိမိရောင်းသော ရောင်းကုန်ပစ္စည်းသည် သန့်ရှင်းလတ်ဆတ်ရန်၊ ဘေးဥပဒ်မဖြစ်ရန် စိတ်စေတနာကောင်းနှင့် ရောင်းချသင့်ကြသည်။ အမြတ်အစွန်းတစ်ခုတည်းကိုသာ ထည့်၍မတွက်ချက်သင့်။

ဈေးဝယ်သူနှင့်ဈေးရောင်းသူတို့သည် နှစ်ဦးနှစ်ဖက်ရောင်းခြင်း၊ ဝယ်ခြင်းတွင် အဘက်ဘက်က စဉ်းစားချင့်ချိန်သင့်သည်။ အတ္တ၊ ပရမ္မတနေရန် လိုအပ်သည်။ ရောင်းသူသည် မိမိအတွက် အမြတ်အစွန်းရရေးကိုသာ အဓိကထား၍ မရောင်းချရန်နှင့် ဈေးဝယ်သူတို့ကလည်း သက်သာမှုတစ်ခုတည်းကို မကြည့်ဘဲ ဝယ်ယူအားပေးခြင်းဖြင့် ဈေးရောင်းသူနှင့် ဈေးဝယ်သူတို့အကြား မေ့လျော့နေသည့် ကျန်းမာရေးရှုထောင့်ကို သတိချပ်သင့်ကြပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ပိုလန်နိုင်ငံစီးပွားရေးသံမှူးတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်၊ ဒေါ်ခိုင်ခိုင်နွယ်တို့အား ထိုင်းနိုင်ငံအခြေစိုက် ပိုလန်သံရုံးမှ စီးပွားရေးသံမှူး Mr. Andrzej Bolesta နှင့် Prolitical Affairs; First Secreatry , Mr. Adam Dyszlewski တို့သည် မတ် ၂၁ ရက် နံနက် ၁၀ နာရီက အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံခဲ့ကြသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံစီးပွားကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းတိုးမြှင့် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ပိုလန်နိုင်ငံမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ မေလတွင် မြန်မာနိုင်ငံသို့လာရောက်ရန်စီစဉ်ထားသည့်ကိစ္စ၊ ဤအသင်းချုပ်နှင့် ပူးပေါင်း၍ ဘဏ္ဍာရေးကဏ္ဍဆိုင်ရာဆွေးနွေးပွဲကို အသင်းချုပ်၌ ကျင်းပပြုလုပ်ရန်ကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဖလှယ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅း၂၀ MRTV-4 သတင်း
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၃၈)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၁၁၅)
- ၁၁း၂၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ**(အပိုင်း-၃၀)
- ၂း၀၀ MRTV-4 သတင်း
- ၃း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၁၁၅)
- ၅း၂၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၃၁)
- ၆း၀၀ MRTV-4 သတင်း
- ၆း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၃၉)
- ၈း၀၀ MRTV-4 သတင်း
- ၁၁း၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၁၁၆)

လပွတ္တာမြို့နယ်၌ မောင်းဒီးချောင်းကူးတံတားဖွင့်ပွဲကျင်းပ

လပွတ္တာ မတ် ၃၁

လပွတ္တာမြို့နယ် မောင်းဒီးကျေးရွာအုပ်စု မောင်းဒီးချောင်းကူးတံတားဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားသည်။ ထို့နောက် မောင်းဒီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းအောင်က တံတားဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တံတားဆောက်လုပ်ရေးကော်မတီ ဦးကြည်ရှိန်က ရသုံးငွေစာရင်းအား ဖတ်ကြားကာ တံတားဆောက်လုပ်လှူဒါန်းပေးခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မောင်းဒီးချောင်းကူးကွန်ကရစ်တံတားကို ခရိုင်အုပ်ချုပ်ရေးမှူး၊ အလှူရှင် လပွတ္တာမြို့နယ် ရွှေနန်းဦးရွှေဆိုင်ပိုင်ရှင် ဦးခင်ဦး၊ လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဌေး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါတံတားကို တံတားအလှူရှင်မတည်ငွေကျပ် ၅၁၁၉၈၅၀ နှင့် ကျေးရွာမှ ဒေသခံပြည်သူများထည့်ဝင်ငွေ ကျပ် ၃၂၉၇၀၇၅ တို့ဖြင့် တည်ဆောက်ခဲ့ပြီး တံတားအရှည် ၅၇ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေရှိ အာရ်စီကွန်ကရစ်တံတားဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဈေးများမီးဘေး ကြိုတင်ကာကွယ်ရေး အင်းစိန်၌ ဆောင်ရွက်

ရန်ကုန် မတ် ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မတ် ၂၈ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အင်းစိန်မြို့နယ်မီးသတ်စခန်း(စခန်းမှူး) ဦးထွန်းထွန်းလွင်တို့ပါဝင်သောအဖွဲ့သည် ဒညင်းကုန်းဈေး၊ အောင်ဆန်းဈေး၊ ဖော့ကန်ဈေးများအတွင်း လျှပ်စစ်မီးအသုံးပြုမှု၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်၊ မီးသတ်ရေကန်များထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မီးသတ်ဦးစီးဌာန)

ဘဝအလင်းရောင်စာကြည့်တိုက် ပုဏ္ဏားကျွန်းမြို့နယ်၌ အုတ်မြစ်စီ

ပုဏ္ဏားကျွန်း မတ် ၃၁

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် နားဋ္ဌောင်းကျကျေးရွာရှိ ကုဏ္ဍလီဂါမလူငယ် ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် မြေနေရာ၌ ကျင်းပရာ စာကြည့်တိုက် တည်ထောင်သူက ရွှေပန္နက်တိုင်များကို စိုက်ထူပေးသည်။ ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘရင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွှေအုတ်၊ ငွေအုတ်များကို အုတ်မြစ်စီပေးကြသည်။

လက်ခံယူ

အခမ်းအနားတွင် အလှူ်ငအာဒိစ္စ ရန်ကုန်နှင့် မြို့နယ်ဌာနဆိုင်ရာများက စာအုပ်စာစောင်များကို လှူဒါန်းကြရာ စာကြည့်တိုက်မှူး ဦးသိန်းထွန်းအောင် က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရန်ကုန်တောင်ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် မတ် ၃၁

ရန်ကုန်တောင်ပိုင်းခရိုင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့သဝဏ်လွှာကို ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဝေမာမာထွန်းက ဖတ်ကြားသည်။ ဆက်လက်၍ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဖွင့်ပွဲတွင် နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ မိန့်ခွန်းအား ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်နီလာစိုးက ဖတ်ကြားပြီးနောက် ခရိုင် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်မြမြမိုးက တီဘီရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဧည့်သည်တော်များသည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(၀၄၉)**

အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုး

တောင်ငူ မတ် ၃၁

တောင်ငူမြို့နယ် အမှတ်(၈)ရပ်ကွက်တွင် မတ် ၂၃ ရက်က အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ရပ်ကွက် (၈) အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရပ်ကွက်အတွင်းရှိ အသက် ကိုးလမှ ငါးနှစ် အတွင်းရှိ ကလေးငယ် ၇၀ ကျော်ကို သူနာပြုဆရာမဒေါ်ခင်ခင်လှိုင် ဦးဆောင်သောအဖွဲ့က ကာကွယ်ဆေးထိုးပေးကြသည်။ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို တိုင်းရင်းဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြီးမောင်၊ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာခင်မေသွင်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

တောင်ငူမြို့နယ်အတွင်းရှိ ရပ်ကွက် (၂၃)ရပ်ကွက်တွင် ကလေးငယ်ပေါင်း ၁၇၈၀၅ ဦးအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

● *ရှေ့ဖုံးမှ*

အနည်းဆုံးဖြစ်စေရေး၊ ကောင်းမွန်သန့်ရှင်းသော သဘာဝနှင့် လူ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရှိရေးတို့အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထုတ်လုပ်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံမဟာဗျူဟာများဖြင့် စဉ်ဆက်မပြတ်အသုံးချဆောင်ရွက်ခြင်းကို ဆိုသည်။

(ဋ) **ထိန်းချုပ်ရေးပစ္စည်းကိရိယာ** ဆိုရာတွင် အောက်ပါတို့ ပါဝင်သည်-
(၁) စွန့်ပစ်ပစ္စည်းသိမ်းဆည်းသည့် ကိရိယာတန်ဆာပလာတစ်ခုခု၊
(၂) ပစ္စည်းကိရိယာတစ်ခုခုကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရေးအတွက်အသုံးပြုနိုင်သည့် အလိုအလျောက် ကိရိယာတစ်ခုခု၊
(၃) ညစ်ညမ်းမှုကို ညွှန်ပြသည့် မှတ်တမ်းတင်သည့် သို့မဟုတ် အလွန်အမင်းညစ်ညမ်းမှုကို သတိပေးအချက်ပြသည့် ကိရိယာတစ်ခုခု၊
(၄) ညစ်ညမ်းမှုကို ကန့်သတ်ရန်အလို့ငှာ အသုံးပြုသည့် အခြားကိရိယာ သို့မဟုတ် အထောက်အကူပြုသည့်ပစ္စည်းတစ်ခုခု။

(ဌ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ဆိုသည်။

(ဎ) **ပိုင်ရှင်** ဆိုသည်မှာ အဆောက်အအုံ၊ မြေနေရာ သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို ပိုင်ဆိုင်သူ၊ လုပ်ငန်းရှင်၊ တာဝန်ခံလုပ်ကိုင်ဆောင်ရွက်သူ၊ အငှားချသူ သို့မဟုတ် ပစ္စည်းထိန်းသော်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်တစ်ဦးဦး၏ အမွေဆက်ခံသူ၊ ယုံမှတ်အပ်နှံခံရသူ သို့မဟုတ် ကိုယ်စားလှယ်သော်လည်းကောင်း ဆိုသည်။

(ဏ) **လက်ရှိဖြစ်သူ** ဆိုသည်မှာ အဆောက်အအုံ၊ မြေနေရာတစ်ခုခုကိုသော်လည်းကောင်း၊ ယင်း၏ အစိတ်အပိုင်း တစ်ခုခုကိုသော်လည်းကောင်း၊ ယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်း လက်ရှိဖြစ်သူ သို့မဟုတ် ကြီးကြပ်ကွပ်ကဲသူ တစ်ဦးဦးကို ဆိုသည်။

(တ) **ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေ** ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဘေးအန္တရာယ် သို့မဟုတ် ညစ်ညမ်းမှုကို ချက်ချင်းအရေးယူဆောင်ရွက်ခြင်းမပြုပါက အများပြည်သူအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုသော်လည်းကောင်း ထိပါးစေနိုင်သည့် အခြေအနေကို ဆိုသည်။

(ထ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် သက်ဆိုင်ရာဦးစီးဌာနကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊
(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျပေါင်းစပ်ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊
(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊
(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊
(င) သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊
(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊
(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊
(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း(၃)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးသည့် ပြည်ထောင်စုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင့်လျော်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။
(ခ) အဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၆။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများနှင့် လှုပ်ရှားမှုများဆောင်ရွက်ခြင်း၊
(ခ) ကျောင်းသင်ခန်းစာများတွင်ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုခြင်း၊
(ဂ) ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရယူခြင်း၊ ယင်းငွေနှင့် ပစ္စည်းများ၊ နည်းပညာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သလို စီမံခန့်ခွဲအသုံးပြုခြင်း၊
(ဃ) သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင့်လျော်သည့်အကြံပြုချက်များနှင့် တိုက်တွန်းချက်များပေးပို့ခြင်း၊
(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် လိုအပ်သော အဆိုပြုချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံခြင်း၊
(စ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ ထိခိုက်ပျက်စီးနိုင်သောအခြေအနေများ ဖြစ်ပေါ်လျှင်သော်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား တားမြစ်ခြင်းနှင့် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ မူဝါဒ တောင်းခံခြင်း၊
(ဆ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒများနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း။

အခန်း (၄)
ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ခ) ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးနှင့်ဆိုင်သော လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ဒေသဆိုင်ရာလုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရေးဆွဲချမှတ်ခြင်း၊
(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လျော့နည်းပပျောက်ရေးတို့အတွက်လည်းကောင်း အစီအစဉ်များကို ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊
(ဃ) ပတ်ဝန်းကျင်အရည်အသွေး ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် ထုတ်လွှတ်အခိုးအငွေ့များ၊ စွန့်ထုတ်အရည်များနှင့် စွန့်ထုတ်အစိုင်အခဲများ၊ ကုန်ထုတ်လုပ်မှုနည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် ထွက်ကုန်များ၏ စံချိန်စံညွှန်းများအပါအဝင် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊
(င) ပတ်ဝန်းကျင်နှင့်စပ်လျဉ်းသည့် ဥပဒေရေးရာကိစ္စရပ်များ၊ လမ်းညွှန်ချက်များအပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုနည်းလမ်းများနှင့် စည်းကမ်းချက်များအတွက် အဆိုပြုချက်များကို ကော်မတီသို့ တင်ပြခြင်း၊
(စ) ပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းရန် အထောက်အကူပေးခြင်းနှင့် လိုအပ်ပါက ယင်းအငြင်းပွားမှုများကို ညှိနှိုင်းပေးရန် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊
(ဆ) စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ အညစ်အကြေးစွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့် ပစ္စည်းများထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သော စွန့်ပစ်သည့်ဘေးအန္တရာယ်ရှိပစ္စည်း၏ အမျိုးအစားနှင့် အတန်းအစားများကို သတ်မှတ်ခြင်း၊
(ဇ) ပတ်ဝန်းကျင်ကိုလက်ငင်း၊ ရေတိုရေရှည်တွင် သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများ သတ်မှတ်ခြင်း၊
(ဈ) အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့ ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့်စက်ရုံများ၊ စခန်းများတည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်း၊
(ည) စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ၊ အဆောက်အအုံများတွင် စွန့်ပစ်ရေသန့်စင်မှုဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်း၊ စက်၊ ယာဉ်၊ ယန္တရားများက ထုတ်လွှတ်မှုဆိုင်ရာစည်းကမ်းများ သတ်မှတ်ခြင်း၊
(ဋ) ပတ်ဝန်းကျင်ရေးရာနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်း သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ အစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဌ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်အရည်အသွေး မြှင့်တင်ရေးတို့အတွက် မြန်မာနိုင်ငံကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်းသဘောတူညီချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ကော်မတီကဖြစ်စေ ချမှတ်သည့် လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဍ) အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်မည့် စီမံချက် သို့မဟုတ် လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်စေခြင်း၊
(ဎ) အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ အဏ္ဏဝါကမ်းခြေပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို လျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှု တိုက်ဖျက်ရေး၊ ပျက်စီးရန်မလွယ်ကူသော ညစ်ညမ်းပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊
(ဏ) ပတ်ဝန်းကျင်ထိခိုက်မှုတွင်ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင် ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့်အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း၊
(တ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ ဝန်ကြီးဌာနသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ ငွေစာရင်းတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ရမည်။

အခန်း (၅)
ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေ

၉။ (က) ကော်မတီသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုတွင်သော်လည်းကောင်း၊ နယ်မြေတစ်ခုခုတွင်သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ပေါ်ပေါက်နိုင်ကြောင်းသိရှိလျှင် ယင်းသို့ အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်းတင်ပြရမည်။
(ခ) ကော်မတီ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေနှင့် စပ်လျဉ်း၍ လိုအပ်သည်များကိုဆောင်ရွက်ရမည်။

အခန်း (၆)
ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ

၁၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်နိုင်သည်-
(က) မြစ်၊ ချောင်း၊ တူးမြောင်း၊ စိမ့်စမ်းအင်းအိုင်၊ နွံတော၊ ကန်၊ ရေလှောင်တမံနှင့် အများပြည်သူဆိုင်ရာ အခြားကုန်းတွင်းရေ ရရှိနိုင်သည့် နေရာများတွင် အသုံးချမှုအလိုက် ဆီလျော်သည့် မြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းများ၊
(ခ) ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝဒေသများအတွက် ရေအရည်အသွေး စံချိန် စံညွှန်းများ၊
(ဂ) မြေအောက်ရေ အရည်အသွေး စံချိန်စံညွှန်းများ၊
(ဃ) လေထုအရည်အသွေး စံချိန်စံညွှန်းများ၊
(င) အသံနှင့်တုန်ခါမှု စံချိန်စံညွှန်းများ၊
(စ) ထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်းများ၊
(ဆ) စွန့်ထုတ်အရည် စံချိန်စံညွှန်းများ၊
(ဇ) စွန့်ထုတ်အစိုင်အခဲ စံချိန်စံညွှန်းများ၊
(ဈ) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အခြားပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ။

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် သိပ္ပံနှင့်နည်းပညာတိုးတက်မှုများနှင့်အညီသော်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများကို အချိန်ကာလနှင့် နေရာဒေသအလိုက် အများပြည်သူအကျိုးငှာ ဖြည့်စွက်ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၂။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းထက် ပိုမိုပါက ဆက်လက်အတည်ဖြစ်စေရမည်ဖြစ်ပြီး ယင်းစံချိန်စံညွှန်းအောက် လျော့နည်းပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းကသာလျှင် အတည်ဖြစ်စေရမည်။

အခန်း(၇)
ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၃။ ဝန်ကြီးဌာနသည် ကော်မတီ၏လမ်းညွှန်ချက်အရ အောက်ပါလုပ်ငန်း ကိစ္စရပ်များတွင် မိမိဝန်ကြီးဌာနကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစနစ်ထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်-
(က) ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေမည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကို အသုံးပြုခြင်း၊
(ခ) စက်မှုလုပ်ငန်းများတွင် ညစ်ညမ်းပစ္စည်း၊ ဘေးအန္တရာယ်ရှိပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်း၊
(ဂ) သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းများမှ ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊
(ဃ) အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်စင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(င) ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊
(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၄။ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။

၁၅။ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၆။ စက်မှုနယ်မြေရှိ လုပ်ငန်းကိုဖြစ်စေ၊ အထူးစီးပွားရေးဇုန်ရှိလုပ်ငန်းကို ဖြစ်စေ၊ ဝန်ကြီးဌာနက သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်-
(က) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ပြုပြင်သန့်စင်ရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန်တာဝန်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

စာမျက်နှာ ၃ မှ

(ခ) သက်ဆိုင်ရာ စက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန်နှင့် လုပ်ငန်းအဖွဲ့အစည်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သတ်မှတ်သည့် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျစရိတ်ကို ထည့်ဝင်ရမည်။

(ဂ) သက်ဆိုင်ရာစက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန် သို့မဟုတ် လုပ်ငန်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

အခန်း (၈)

မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှု

၁၇။ ဝန်ကြီးဌာနသည် မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများအတွက် ကော်မတီက ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား အောက်ပါကိစ္စရပ်များ ဆောင်ရွက်ရာတွင် လိုအပ်သလို အကြံပေးခြင်းပြုရမည်-

(က) ဇုန်နယ်မြေသတ်မှတ်ခြင်းအပါအဝင် မြေအသုံးချမှု စီမံကိန်းများ ချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ခ) အချက်အချာကျသော မြို့ပြဒေသများရှိ တည်ဆောက်ရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊

(ဂ) လူနေအိမ်ရာချထားမှု စီမံခန့်ခွဲခြင်း၊

(ဃ) စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊

(င) မြေ၊ ရေ၊ လေနှင့် အသံညစ်ညမ်းမှု အပါအဝင် ညစ်ညမ်းမှုများ ထိန်းချုပ်ခြင်း၊

(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲခြင်း။

အခန်း (၉)

သဘာဝသယံဇာတအရင်းအမြစ်များနှင့် ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းခြင်း

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါသဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်း၊ စဉ်ဆက်မပြတ် အသုံးပြုခြင်း၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်-

(က) သစ်တောသယံဇာတ အရင်းအမြစ်များ၊

(ခ) မြေသယံဇာတ အရင်းအမြစ်များ၊

(ဂ) မြေအောက်ရေအပါအဝင် ရေချိုသယံဇာတ အရင်းအမြစ်များ၊

(ဃ) ဓာတ်သတ္တုသယံဇာတ အရင်းအမြစ်များ၊

(င) စိုက်ပျိုးရေးဆိုင်ရာ အရင်းအမြစ်များ၊

(စ) ရေလုပ်ငန်းဆိုင်ရာ သယံဇာတအရင်းအမြစ်များ၊

(ဆ) အဏ္ဏဝါဆိုင်ရာ သယံဇာတအရင်းအမြစ်များ၊

(ဇ) သဘာဝအလျောက်ဖြစ်ပေါ်နေသော ဂေဟစနစ်များ၊

(ဈ) သဘာဝနယ်မြေများ၊ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အခြားသဘာဝ သယံဇာတ အရင်းအမြစ်များ။

၁၉။ ဝန်ကြီးဌာနသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊ ယဉ်ကျေးမှုအထိမ်းအမှတ် အဆောက်အအုံများနှင့် သဘာဝနယ်မြေများ အစဉ်တည်တံ့ခိုင်မြဲရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၀။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပုဒ်မ ၁၈ နှင့် ၁၉ တို့ပါ ကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာများကို ပံ့ပိုးကူညီရမည်။

အခန်း(၁၀)

ကြိုတင်ခွင့်ပြုချက်

၂၁။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်စေနိုင်သောလုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၂၂။ ဝန်ကြီးဌာနက ပုဒ်မ ၂၁ အရ သတ်မှတ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစား၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီးနောက် စည်းကမ်းချက်များ သတ်မှတ်၍ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၄။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိစစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

၂၅။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကြိုတင်ခွင့်ပြုချက်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက်ရေးထိုးစေခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း။

အခန်း(၁၁)

အာမခံ

၂၆။ ကြိုတင်ခွင့်ပြုချက်ရရှိသူသည် ပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့် မတော်တဆဖြစ်မှု တစ်ခုခုအတွက် ယင်းတို့၏လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစားအလိုက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားရှိရမည်။

၂၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၆အရ အာမခံထားရမည့်လုပ်ငန်းကို ဆောင်ရွက်သော သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ မြန်မာ့အာမခံလုပ်ငန်းက ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် အတိုင်းအတာနှင့် အလားအလာကို သဘောထားမှတ်ချက်တောင်းခံလာလျှင် သဘောထားမှတ်ချက်ပေးရမည်။

အခန်း(၁၂)

တားမြစ်ချက်များ

၂၈။ မည်သူမျှ ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၉။ မည်သူမျှ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၀။ မည်သူမျှ ဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကိုထိခိုက်စေသည့် ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းမပြုရ။

အခန်း(၁၃)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၁။ မည်သူမဆို ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့်လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို-

(က) ပုဒ်မ ၃၂အရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးစေရန် အမိန့်ချမှတ်ခြင်းခံရမည်။

(ခ) ပုဒ်မခွဲ (က)အရ အမိန့်ချမှတ်ခြင်းခံရလျှင် ပေးလျော်ရမည့်လျော်ကြေးငွေကို ပေးရန်ပျက်ကွက်ပါက တည်ဆဲအခွန်၊ အခ ဥပဒေများနှင့်အညီ အရကောက်ခံရမည်။

၃၄။ မည်သူမဆို ပတ်ဝန်းကျင်ကိုထိခိုက်စေသည့်အတွက် ဝန်ကြီးဌာနက တားမြစ်ထားသော ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့တင်သွင်းကြောင်း၊ ပြည်ပသို့တင်ပို့ကြောင်း၊ ထုတ်လုပ်ကြောင်း၊ သိုလှောင်ကြောင်း၊ သယ်ယူကြောင်း သို့မဟုတ် ရောင်းဝယ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ခံရမည်။ ထို့အပြင် ယင်းပစ္စည်းအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော အဆင့်အထိ ပြုပြင်ပြောင်းလဲစွန့်ပစ်ရန်အတွက် ကုန်ကျသောစရိတ်ကို ထိုသူက ကျခံစေရမည်။

အခန်း(၁၄)

အထွေထွေ

၃၅။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၃၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုအား နိုင်ငံတော်နှင့် ပြည်သူ့အကျိုးငှာ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်ပြုနိုင်သည်။

၃၇။ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေကြေညာချက်အရ တစ်စုံတစ်ရာ ဆောင်ရွက်ရခြင်းကြောင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုန်ကျစရိတ်များ ကျခံခဲ့ရလျှင် ယင်းကုန်ကျစရိတ်များကို ပတ်ဝန်းကျင် စီမံခန့်ခွဲမှုရန်ပုံငွေမှ တောင်းခံခွင့်ရှိသည်။

၃၈။ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစားကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရရှိထားသော လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကိုသာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင် ထုတ်ပေးရမည်။

၃၉။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ စီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ကြိုတင်ခွင့်ပြုချက်ရရှိသူက စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအတွက် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို လက်ခံရရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ကြိုတင်ခွင့်ပြုချက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ထုတ်ပေးထားသော လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်။

၄၀။ ပုဒ်မ ၃၂ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေ မပြဋ္ဌာန်းမီ ထုတ်ပြန်ခဲ့သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မတ် ၂၅ ရက်က တော်ဝင်နှင်းဆီခန်းမ၌ ကော့ကရိတ်မြို့နယ်အသင်းနှစ်ပတ်လည်နေ့ကျင်းပရာ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဖြင့်အောင်သော မောင်ထက်လွင်အား အသင်းနာယက ဦးဘမြင့် ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဆီမီးပူဇော်

ရန်ကုန် မတ် ၃၁

အင်းစိန်မြို့နယ် ဗုဒ္ဓပူဇနိယဆီမီး(၉၉၀၀)အဖွဲ့မှ ဦးဆောင်၍ ဘုရားဖူး ဦးရေ ၁၀၀ ကျော်ပါဝင်သည့်အဖွဲ့သည် မတ် ၂၈ ရက်က ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရင်ပြင်၌ (၄၁)ကြိမ်မြောက် ဆီမီး၊ နံ့သာ (၉၉၀၀)စီ ပူဇော်ပွဲကို စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်း၌ ကျင်းပရာ ဗုဒ္ဓပူဇနိယဆီမီး(၉၉၀၀)အဖွဲ့ဝင်များနှင့် ဘုရားဖူးများက စေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်ရန်အတွက် နဝကမ္မအလှူတော်ငွေကျပ် ၁၉၂၀၀၀ ကို အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားလွှတ်တော်ရှေ့နေ)၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသိ(တရားလွှတ်တော်ရှေ့နေ)နှင့် အတွင်းရေးမှူး ဦးခင်မောင်ညွန့်(တရားလွှတ်တော်ရှေ့နေ) တို့က ပေးအပ်လှူဒါန်းသဖြင့် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးအုံးရွှေ၊ အတွင်းရေးမှူး ဦးမြင့်ဟန်နှင့်အဖွဲ့ဝင် ဦးတင်ဝင်း၊ ဦးခင်မောင်တို့ လက်ခံရယူကြသည်။

ထို့နောက် ည ၈ နာရီတွင် စေတီတော်ကြီးရင်ပြင်တော်၌ ဆီမီး၊ နံ့သာ (၉၉၀၀)စီကို ဘုရားဖူးများနှင့်အတူ ထွန်းညှိပူဇော်ကြကြောင်း သိရှိရသည်။

(၀၃၁)

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါ ကျောင်းရှေ့မုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးအောင်ကြွယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်အောင်၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူး ပြည့်ဖြိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီနှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

တာချီလိတ်မြို့နယ်၌ ကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပ

တာချီလိတ် မတ် ၃၁

တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်ဟောင် (၅) လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းသစ်မုခ်ဦးရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကိုကိုက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကတ္တရာလမ်းသစ်မှာ အလျား ၄၃၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ခုနစ်လက်မရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၄၃ ဒသမ ၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(၀၆၀)

စာအုပ်စာပေ လှူမိတ်ဆွေ

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အလွန်ကြီးမားသည့် ရေဒီယိုအဏုကြည့်မှန်ပြောင်း

အက်တာကာမာ မတ် ၃၁

ချီလီနိုင်ငံ အက်တာကာမာသဲကန္တာရအတွင်း အလွန်ကြီးမားသော ရေဒီယိုအဏုကြည့်မှန်ပြောင်းကို စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုရန် မတ် ၃၁ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

လေ့လာကြည့်ရှုနိုင်

အယ်မာရေဒီယိုအဏုကြည့်မှန်ပြောင်းဟု ခေါ်ဆိုသည့် ၄င်းအဏုကြည့်မှန်ပြောင်းကြီး **(ယာပုံ)**တွင် အချင်း ၁၂ မီတာကျယ်သော လှိုင်းဖမ်းစလောင်းတစ်စုံ အပါအဝင် အရွယ်အစားသေးငယ်သော စလောင်း ၆၆ ခု ပါဝင်ဖွဲ့စည်းထားပြီး အင်တင်နာ ၁၆ ခုလည်း ပါဝင်တည်ဆောက်ထားသည်။ ယင်းအဏုကြည့်မှန်ပြောင်းသည် အာကာသ စကြဝဠာအတွင်း အဝေးဆုံးနေရာများမှ မြင်ကွင်းများကို ပြတ်သားစွာ လေ့လာကြည့်ရှုနိုင်မည် ဖြစ်သည်။

စကြဝဠာတွင်း ကြယ်တာရာနှင့် ဂြိုဟ်များအနေအထား၊ ဂြိုဟ်နှင့်ကြယ်တာရာတို့ ဖွဲ့စည်းဖြစ်တည်မှုများကို အထင်ရှားဆုံးမြင်ကွင်းများအဖြစ် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ခေတ်မီသိပ္ပံနည်းပညာများ ထည့်သွင်းအသုံးပြုထားသဖြင့် အလွန်ဝေးလံသော ကြယ်တာရာများကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ အဆိုပါအဏုကြည့်မှန်ပြောင်းဖြင့် လေ့လာရရှိသည့် သတင်းအချက်အလက်နှင့် ဓာတ်ပုံများကို ဥရောပ၊ အရှေ့အာရှ မြောက်အမေရိကနှင့်ချီလီနိုင်ငံများအတွက် ထုတ်ပြန်လွှဲပြောင်းပေးမည်ဖြစ်ပြီး သုတေသနနှင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးပြုစေနိုင်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၃ ဒသမ ၄ သန်းခန့်က ရှေးခေတ်လူသားတို့၏ရုပ်ကြွင်း အီသီယိုးပီးယား၌ တွေ့ရှိ

အဒစ်အဘာဘာ မတ် ၃၁

အီသီယိုးပီးယားနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၄ သန်းခန့်က ရှေးခေတ်လူသားတစ်ဦး၏ ခြေထောက်ရိုး ရုပ်ကြွင်းတစ်ခုကို တွေ့ရှိခဲ့ရသဖြင့် လူတို့ တဖြည်းဖြည်း ပြောင်းလဲလာမှု ဖြစ်စဉ်ကို သိရှိနိုင်တော့မည်ဖြစ်ကြောင်း မတ် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါခြေထောက်ရိုးသည် ရှေးခေတ်လူသားတစ်ဦး၏ ညာဖက်ခြေထောက်ရိုး ရုပ်ကြွင်းတစ်ခုဖြစ်ပြီး ရှေးခေတ်လူသား သို့မဟုတ် လူသားမျိုးနွယ်တစ်ဦး၏ အရိုးစုဖြစ်နိုင်ကြောင်း သေချာစွာ သိရှိရန် သုတေသနပြုမှုများ ပြုလုပ်လျက်ရှိသည်။

ယင်းအရိုးစုကို အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့အရှေ့မြောက်ဘက် ကီလိုမီတာ ၅၂၀ ခန့်အကွာ အမာဒေသရှိ ဘာတီလီအရပ်၌ မြေအောက်မှ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ယခုတွေ့ရှိရသောအရိုးစုရုပ်ကြွင်းအရ လွန်ခဲ့သောနှစ်ပေါင်း သုံးသန်းကျော် လေးသန်းခန့်က အရှေ့အာဖရိကတွင် ရှေးခေတ်လူသား သို့မဟုတ် လူသားမျိုးနွယ်တို့နေထိုင်ခဲ့ကြကြောင်း အထောက်အထားတစ်ရပ်ပင်ဖြစ်သည်။ **(အင်တာနက်)**



ပစိဖိတ်သမုဒ္ဒရာအတွင်း ၂၈ ရက်ကြာ မျောပါခဲ့သည့် ပနားမားလူငယ်တစ်ဦးအား ကယ်ဆယ်နိုင်

ပနားမား မတ် ၃၁

ပစိဖိတ်သမုဒ္ဒရာအတွင်း လှေတစ်စင်းဖြင့် ၂၈ ရက်ကြာ မျောပါနေခဲ့သည့် အသက် ၁၈ နှစ်အရွယ် ပနားမားနိုင်ငံသားလူငယ်တစ်ဦးသည် ငါးဖမ်းသင်္ဘောတစ်စင်း၏ ကယ်ဆယ်ခဲ့မှုကြောင့် အသက်ရှင်ခွင့်ရရှိပြီး နေရပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ပနားမားအရာရှိများက မတ် ၃၁ ရက်တွင် ပြောကြားသည်။ **(ဝဲပုံ)**

အသက် ၁၈ နှစ်အရွယ် အက်ဒရင်ဗက်ကွက်ဇ်အမည်ရှိ လူငယ်သည် ၄င်း၏သူငယ်ချင်းနှစ်ဦးနှင့်အတူ ပနားမားဆိပ်ကမ်းမှ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၉ ရက်က စက်လှေတစ်စင်းဖြင့် ရေကြောင်းခရီးထွက်ခွာခဲ့ရာ စက်လှေမော်တာပျက်သွားသဖြင့် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း မျောပါနေခဲ့ခြင်းဖြစ်သည်။ အက်ဒရင်ဗက်ကွက်ဇ်၏ သူငယ်ချင်းနှစ်ဦးမှာ အစားအစာနှင့် သောက်သုံးရေ ပြတ်လပ်မှုကြောင့် သေဆုံးသွားခဲ့သော်လည်း ၄င်းမှာ မိုးရေများကိုခံယူသောက်သုံးကာ အသက်ရှင်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ခဲ့

ထို့နောက် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂါလာပါရို့စ်ကျွန်းစုအနီး မိုင် ၆၂၀ ခန့်အကွာ ရေပြင်၌ မျောပါနေသော အက်ဒရင်ဗက်ကွက်ဇ်၏စက်လှေကို ရှာဖွေတွေ့ရှိ ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ ၄င်းအား အနီးဆုံး အီကွေဒိုနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် လေကြောင်းခရီးဖြင့် မတ် ၂၇ ရက်က ပနားမားစီးတီးလေဆိပ်သို့ ပို့ဆောင်ရောက်ရှိခဲ့ကာ မိသားစုများနှင့် ပြန်လည်ဆုံစည်းခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဖူကူရှီးမား နျူကလီးယားစက်ရုံအနီး ရေဒီယိုသတ္တိကြွမှုများရှိနေဆဲ

တိုကျို မတ် ၃၁

ငလျင်နှင့် ဆူနာမီဒဏ်ကြုံတွေ့ခံစားခဲ့ရသည့် ဖူကူရှီးမားဒိုင်အီချီ နျူကလီးယားဓာတ်အားပေးစက်ရုံ၏ အနီးဝန်းကျင်ရှိ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများတွင် နျူကလီးယားဓာတ်ရောင်ခြည်ကြွမှုနှင့် ခြိမ်းခြောက်ခံနေရဆဲဖြစ်ကြောင်း ဂျပန် အာကာသနည်းပညာရေးရာဌာနက မတ် ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ဖူကူရှီးမားနျူကလီးယားစက်ရုံအနီးဝန်းကျင်တွင် ရေဒီယိုသတ္တိကြွမှုများ ရှိနေဆဲဖြစ်ကြောင်း၊ ဂြိုဟ်တုမှရိုက်ယူပေးပို့သော ဓာတ်ပုံများအရ ရေဒီယိုသတ္တိကြွရောင်ခြည်များဖြစ်ပေါ်နေဆဲဖြစ်ပြီး အနီးဝန်းကျင်ရှိ ဒေသခံများအား ခြိမ်းခြောက်ကြောင်း ဂျပန်အာကာသရေးရာအေဂျင်စီက ပြောကြားသည်။

နည်းပညာထည့်သွင်းထားသော ကင်မရာသစ်တစ်လုံးဖြင့် ဖူကူရှီးမားစီရင်စုတွင်ရှိသော နေရပ်တစ်ခု၏ အိမ်အမိုးများနှင့် မြေပြင်များကို မြင်ကွင်း ၁၈၀ ဒီဂရီအထိယူကာ ဓာတ်ပုံများရယူစစ်ဆေးခဲ့ရာမှာ ရေဒီယိုသတ္တိကြွမှုများ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ဖူကူရှီးမားနျူကလီးယားစက်ရုံ အနီးဝန်းကျင်မှ ပြောင်းရွှေ့နေထိုင်သူများမှာ တစ်နှစ်ကျော်ကြာပြီဖြစ်၍ နေရပ်သို့ပြန်လာနေထိုင်လျက်ရှိရာ ဓာတ်ရောင်ခြည်ကြွမှုများရှိနေဆဲဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဩစတြေးလျပိုင်ကျွန်း၌ အမေရိကန်စစ်စခန်းဖွင့်ရေး အင်ဒိုနီးရှားအစိုးရကန့်ကွက်

ဂျကာတာ မတ် ၃၁

ဩစတြေးလျနိုင်ငံပိုင် ကိုကော့စ်ကျွန်းများ၌ အမေရိကန်စစ်အခြေစိုက်စခန်းတည်ဆောက်ခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်သည့်အတွက် ယင်းအစီအစဉ်ကို အင်ဒိုနီးရှားနိုင်ငံက ကန့်ကွက်လိုက်သည်။

မိမိတို့ကန့်ကွက်ခြင်းမှာ ယင်းကိစ္စနှင့်ပတ်သက်၍ ရရှိထားသောသတင်းအချက်အလက်များပေါ် မူတည်ပြီး ကန့်ကွက်ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံရေး၊ တရားရေးနှင့် လုံခြုံရေးရာညှိနှိုင်းမှုဝန်ကြီး ဆူမန်တိုက ဂျကာတာမြို့၌ သတင်းထောက်များအား မတ် ၂၉ရက်က ပြောကြားလိုက်သည်။

မောင်းသူမဲ့လေယာဉ်များအပါအဝင် ထောက်လှမ်းရေးလေယာဉ်များအတွက် အခြေစိုက်စခန်းတစ်ခုကို ကိုကော့စ်ကျွန်းများ၌ အမေရိကန်ဖွင့်လှစ်ရေးစဉ်းစားနေကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီး စတီဖင်စမစ်က ပြောကြားအပြီး အင်ဒိုနီးရှားဝန်ကြီး ဆူမန်တိုက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဆိုမာလီနိုင်ငံတောင်ပိုင်း၌ တိုက်ပွဲဖြစ်၊ အယ်လ်ရှာဘက်လက်နက်ကိုင်ခြောက်ဦးသေဆုံး

မိုဂါဒစ်ရှူး မတ် ၃၁

ဆိုမာလီနိုင်ငံတောင်ပိုင်း မြို့တစ်မြို့တွင် ဆိုမာလီတပ်ဖွဲ့များ၊ မဟာမိတ်တပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်အုပ်စုတို့ တိုက်ပွဲဖြစ်ပွားသဖြင့် အနည်းဆုံး အယ်လ်ရှာဘက်လက်နက်ကိုင်ခြောက်ဦးသေဆုံးသွားကြောင်း မတ် ၃၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

ဂီဒိုဒေသ လတ်ခရိုင်အရှေ့ဘက် ၃၇ကီလိုမီတာအကွာ ဘိုဟိုဘရှားကျေးရွာတွင် ဆိုမာလီနိုင်ငံ အာလူဆန်နာဝါဂျာမာ ပြည်သူ့စစ်များနှင့် အီသီယိုးပီးယားတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို အကြမ်းဖက်သမားများက တိုက်ခိုက်သဖြင့် မတ် ၂၉ရက်တွင် တိုက်ပွဲဖြစ်ပွားသည်။

ပြည်သူ့စစ်များနှင့် အီသီယိုးပီးယားတပ်ဖွဲ့ဝင်များသည် လတ်ခရိုင်မှ ယာကွတ်သို့ မော်တော်ယာဉ်များဖြင့်အသွား အယ်လ်ရှာဘက်အကြမ်းဖက်သမားများနှင့် အပြန်အလှန်တိုက်ခိုက်ရာမှ လက်နက်ကိုင်သမားများ သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၃၁-၃-၂၀၁၂)

➤ တင်မောင်လွင် – စုစည်းသည် ➤

တရုတ်ဝန်ကြီးချုပ်နှင့် အီတလီဝန်ကြီးချုပ်တို့ ပေကျင်း၌တွေ့ဆုံ

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် အီတလီဝန်ကြီးချုပ် မာရီယာမွန်တီတို့ မတ် ၃၁ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါဆွေးနွေးပွဲသို့ နှစ်ဖက်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။ အီတလီနိုင်ငံသည် ဥရောပ၏ အဓိကအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် စီးပွားဖက်နိုင်ငံလည်းဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် မာရီယာမွန်တီ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြုလုပ်သည့် တွေ့ဆုံပွဲ၌ တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်လာရန်နှင့် အီတလီနိုင်ငံ စီးပွားရေးမြင့်တက်အောင် တာဝန်ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ၄င်းအနေဖြင့် ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဝန်ကြီးချုပ်ဝမ်ကြားပေါင်က တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။ အီတလီနိုင်ငံသည် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်နိုင်ငံအဖြစ် မှတ်ယူထားကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအချို့အတွက် တရုတ်နိုင်ငံနှင့် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုအချို့ကိုလည်း အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် မာရီယိုမွန်တီက ပြောကြားခဲ့သည်။

ဟားမတ်စ်ခေါင်းဆောင်တစ်ဦးအား အစ္စရေးတပ်ဖွဲ့ ဖမ်းဆီး

အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းဟားမတ်စ်လှုပ်ရှားမှုအဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဟူစိန်အဗ္ဗဒူအဇဇ်အား ဖမ်းဆီးလိုက်ကြောင်း မတ် ၂၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် အနောက်ဘက်ကမ်း အယ်ခါလီမြို့ရှိ အဗ္ဗဒူအဇဇ်၏နေအိမ်ကို ဝင်ရောက်စီးနင်းပြီးနောက် ၄င်းအားဖမ်းဆီးကာ အကျဉ်းထောင်တစ်ခုသို့ပို့လိုက်သည်။ အသက်အရွယ်အိုမင်းနေပြီဖြစ်သည့်အတွက် ရောဂါဝေဒနာပေါင်းစုံခံစားနေရသည့် အဗ္ဗဒူအဇဇ်မှာ ယခုအခါ ကျန်းမာရေးချို့တဲ့နေသည်ဟု ဆိုသည်။ အဗ္ဗဒူအဇဇ်တွင် သားသုံးဦးရှိသည့်အနက် တစ်ဦးမှာ အစ္စရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရပြီး ကျန်နှစ်ဦးမှာလည်း အစ္စရေးတပ်ဖွဲ့ဝင်များ၏အချုပ်တွင် ရှိနေဆဲဖြစ်သည်။

ဗင်နီဇွဲလားစစ်ဘက်ရဟတ်ယာဉ်ပျက်ကျ၊ ခုနစ်ဦးသေဆုံး

ဗင်နီဇွဲလားစစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် အနောက်တောင်ပိုင်း၌ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုဆန့်ကျင်တိုက်ဖျက်ရေးစစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း ပျက်ကျခဲ့ပြီးနောက် လေယာဉ်ပေါ်လိုက်ပါသူ ခုနစ်ဦးစလုံးသေဆုံးခဲ့ကြောင်း ဗင်နီဇွဲလားကာကွယ်ရေးစစ်ဘက်အရာရှိများ မတ် ၃၀ ရက်တွင် ပြောကြားသည်။ အဆိုပါ ရဟတ်ယာဉ်သည် ဗင်နီဇွဲလားလေတပ်ပိုင် ပူးမား ၂၂၁၆ လေယာဉ်အမျိုးအစားဖြစ်ပြီး မတ် ၂၉ ရက် ဒေသစံတော်ချိန် ၅ နာရီ ၁၅ မိနစ်က ကာရာကတ်စ်မြို့အနောက်တောင်ဘက် ခန့်မှန်းခြေ ကီလိုမီတာ ၆၀၀ ခန့်အကွာရှိ ကိုလံဘီယာနယ်စပ် အပူရာပြည်နယ် ယာဂွါဒေသအနီးရှိ လယ်ကွင်းတစ်ခုအတွင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အဆိုပါတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။ ယင်းရဟတ်ယာဉ်မှာ အဆိုပါဒေသတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု နှိမ်နင်းရေးအတွက် စစ်ဆင်ရေးဆောင်ရွက်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်ပေါ်လိုက်ပါသူ ခုနစ်ဦးစလုံးလည်း သေဆုံးခဲ့ကြောင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းကို ချက်ချင်းမသိရသေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အတည်ပြုပြောကြားခဲ့သည်။ (အင်တာနက်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်ထွဋ် ဦးဆောင်သော ဆရာ ဆရာမ ၂၀၊ မဟာသိပ္ပံသင်တန်းသား သင်တန်းသူ ၁၂ ဦး၊ အိန္ဒိယနိုင်ငံ SAFAL SEEDS AND BIOTECH ကုမ္ပဏီမှ ပညာရှင်နှစ်ဦးတို့နှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး ၃၆၉ ဧက တစ်ကွင်းတစ်ဆက်တည်းစိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရမည့် မူ (၅)ရပ်ဖြစ်သော စိတ်ဓာတ်ပိုင်း ပြုပြင်ပြောင်းလဲမှု၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးမှု၊ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးမှု၊ ခေတ်မီလယ်ယာမြေပြုပြင်မှု၊ လက်မှုလယ်ယာမှစက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမှုများ ဆောင်ရွက်ရန်တို့ကို လက်တွေ့လိုက်နာဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက မျိုးစေ့ဖုန်များ ထုထောင်နိုင်ရေးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်ဇော်က စက်မှုလယ်ယာစနစ်သို့ ယုံကြည်ချက်ခိုင်ခိုင်မာမာဖြင့် ကူးပြောင်းဆောင်ရွက်ရေးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်ထွဋ်က သင်ကြားရေးလုပ်ငန်းများအပြင် သုတေသနလုပ်ငန်း ဆောင်ရွက်သွားမည့်အခြေအနေများကိုတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက စပ်မျိုးစပါး စိုက်ပျိုးရေးနည်းပညာများ တစ်နိုင်ငံလုံးပျံ့နှံ့ရေး ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြသည်။

ထို့နောက် အိန္ဒိယနိုင်ငံ SAFAL SEEDS AND BIOTECH ကုမ္ပဏီမှ ပညာရှင် Dr. Deshpande နှင့် Mr. A. K. Muraka တို့က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖြစ်ထွန်းအောင်မြင်နေမှုများကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုပါကြောင်း၊ မိမိတို့ကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တစ်မြုံလျှင် ပျမ်းမျှ ပင်ပွား ၁၀ ပင်မှ တစ်နှံပါ အောင်စေ့ ၂၀၀ အထက် ရရှိထားသော တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိမည့် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြပြီး ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၂၈၈ ဧက စိုက်ခင်း၌ ၈၀ ရက်သား သက်တမ်းတွင် စပါးနှံများစတင်ထွက်ရှိနေမှုများကိုလည်းကောင်း၊ တဲကြီးကုန်းဒေသ အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါးမျိုး လေးမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ကွင်း၏ သက်တမ်း ၇၈ ရက်သားတွင် ပင်ပွားများ စုံညီစွာ ထွက်ရှိနေမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာ အနီးရှိ အဆင့်မြင့် လယ်ယာမြေဧက ၁၀၀ စိုက်ကွင်း၌ တရုတ်နိုင်ငံ ဇီချွမ်ပြည်နယ်မှ စိုက်ပျိုးရေးပါမောက္ခနှင့် ပညာရှင်များအားတွေ့ဆုံပြီး မျိုးစေ့ထုတ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် လေ့လာရေးအဖွဲ့များ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး ၃၆၉ ဧက တစ်ကွင်းတစ်ဆက်တည်း စိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ကျင်းပ

နေပြည်တော် မတ် ၃၁

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ **(အောက်ဝဲပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးသင်းလှိုင်၊လွှတ်တော်ကိုယ်စားလှယ် (၇၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးစောမြင့်ဦးက ပြင်ဆင်ရေးဆွဲခဲ့သော ၂၀၁၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏အတည်ပြုချက် ရယူမည်ဖြစ်ကြောင်းကြေညာပြီး ပထမနေ့အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားသည်။

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ဒုတိယနေ့ကို မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ပြင်ဆင်ရေးဆွဲခဲ့သော ၂၀၁၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး လွှတ်တော်ကအတည်ပြုကြောင်း ကြေညာကာအထူးအစည်းအဝေး မွန်းလွဲ ၁၂နာရီခွဲတွင် ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၇း၄၅ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

နေ့လယ်ပိုင်း

၁၁း၁၀ ခါသကြိန်အဆိုအကများ
၁၂း၃၀ **ဖန်တီးမှုရဲ့လျှို့ဝှက်ချက်**
၁၃း၀၀ မြန်မာရုပ်ရှင် **ကောလိပ်ဂျင်** ကောလိပ်ဂျင်နေဝင်း၊ မြင့်မြင့်ခင် (ဒါရိုက်တာ-ဦးချင်းစိန်)

ညပိုင်း

၇း၄၅ **အနာဂတ်မြန်မာပြည်** ရိန်မိုး၊ ကိုရဲ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ဆုမွန်
၈း၀၀ - ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ** (အပိုင်း-၂၇) (ဇာတ်သိမ်း)

ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းဖွင့်မည်

နေပြည်တော် မတ် ၃၁

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ (နေပြည်တော်၊ ပျဉ်းမနား)နှင့် ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်းတို့မှ ပူးပေါင်းစီစဉ်သော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု (နည်းပြ) သင်တန်းကို ညောင်ရွှေမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဧပြီ ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့မှဆရာကြီး ဆရာမကြီးများက ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်ကာ လိုအပ်သောစာရွက် စာတမ်းများကို ဓမ္မဒါနလှူဒါန်းမည်ဖြစ်သည်။

စာရင်းပေးနိုင်

သင်တန်းသို့ လက်ရှိသင်ကြားမှုလုပ်ငန်းဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ ဘာသာရေးအခြေခံရှိပြီး ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ကြောင်း၊ နေ့လယ်စာအတွက် အလှူရှင်များက လှူဒါန်းမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများသည် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဖုန်း-၀၉-၄၉၃၆၀၀၀၁၊ ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံ အဆောင်(၄) ပထပ် ဖုန်း-၃၈၂၉၃၅နှင့် ၀၉-၅၀၇၉၆၇၄ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၃၁

ရှမ်းပြည်နယ် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဟိုပုံးမြို့ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု လွှဲအပ်ပွဲအခမ်းအနားနှင့် ရွှေဝတ်မှုံ ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားများကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ဒေသဦးစီးရုံးခန်းမ၌ကျင်းပရာ ဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

မြန်မာဇာတ်ကား ချစ်တယ်ပြောမှလွှတ်မယ်နှင့် နိုင်ငံခြားဇာတ်ကား CONTRABAND တို့ အပြိုင်ဝင်

ရန်ကုန် မတ် ၃၁

ယခုတစ်ပတ် ရန်ကုန်မြို့လယ်ရှိ သမ္မတ၊ သွင်၊ မင်္ဂလာ ရုပ်ရှင်ရုံများတွင် **ချစ်တယ်ပြောမှလွှတ်မယ်** မြန်မာဇာတ်ကားသစ် ရုံဝင်လာသည်။ ထိုဇာတ်ကားသည် နေတိုး၊ ဝေဠုကျော်၊ ရန်အောင်၊ သက်မွန်မြင့်၊ စိုးမြတ်နန္ဒာ၊ မို့မို့မြင့်အောင်၊ မေသဉ္ဇာဦးတို့ ခေါင်းဆောင်ပါဝင်ထားကြသည့် ဟာသနှောထားသော မိသားစုဇာတ်ကားဖြစ်သည်။

ရန်ကုန်မြို့လယ်ရှိ နေပြည်တော်

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရုပ်ရှင်ရုံတွင်လည်း ဒါရိုက်တာ Baltasaar Kormakur ရိုက်ကူးပြီး Mark Wahlberg နှင့် Ben Foster တို့ ခေါင်းဆောင် ပါဝင်ထားကြသည့် လူပ်ရှားမှု အသားပေး Contraband နိုင်ငံခြားဇာတ်ကားသစ် ရုံဝင်လာကြောင်း ရုပ်ရှင်သတင်းအမြည်းအဖြစ် ဖော်ပြလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

ချစ်တယ်ပြောမှ လွှတ်မယ်ဇာတ်ကားမှ နေတိုးရဲ့ သရုပ်ဆောင်ဟန်။

ဒို့ကျေးရွာဂျာနယ် အတွဲ(၉) အမှတ် (၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၃၁

ဒို့ကျေးရွာဂျာနယ် အတွဲ (၉)၊ အမှတ်(၇)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ပုလဲသွယ်အစွမ်းဖြင့် မြန်မာ့ဆန်စပါးကဏ္ဍ ရှေ့သို့တက်လှမ်း၊ ပြည်ပသို့ နှမ်းတန်ချိန် ရှစ်သောင်းကျော်တင်ပို့မည်၊ ဆိတ်မွေးမြူရာတွင် သိသင့်သိထိုက်သောအချက်များ၊ သတိပြုစရာ ကြက်ကျောက်ရောဂါ၊ ကမ္ဘာ့ရွှေဈေးကွက်အတက်ဘက်ဦးတည် စသည့် သတင်းများဖြင့် ဝေဝေဆာဆာထွက်ရှိလာသည်။

ဆက်သွယ်ပေးပို့နိုင်

စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့်ဖွင့်ပွဲကို မတ် ၂၂ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံ၌ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးသိန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၃၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဗြိတိန်နိုင်ငံ The University of Sheffield မှ Professor Dr. Virpi Lummaa နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တောဆင်ရိုင်းများထိန်းသိမ်းရေး၊ သစ်လုပ်ငန်းဆင်များ၏ ကျန်းမာရေးပြုစုစောင့်ရှောက်ရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား China Aerospace Science and Industry Shenzhen (Group) Co.,Ltd. Vice General Manager Professor Mr. Lan Binnan နှင့်အဖွဲ့ လာရောက်တွေ့ဆုံပြီး အဝေးမှစူးစမ်းလေ့လာခြင်းနည်းစနစ်နှင့် ကိရိယာများကို အသုံးပြု၍ တောမီးလောင်ကျွမ်းမှုကို ကြိုတင်ထောက်လှမ်းခြင်းနှင့် ရေအရင်းအမြစ်ညစ်ညမ်းမှု ထိန်းသိမ်းခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား ဩစတြေးလျနိုင်ငံအခြေစိုက် Institute for International Development (IID) မှ Mr. Joern Kristenser နှင့်အဖွဲ့ လာရောက်တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



လာရောက်တွေ့ဆုံ

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား China Aerospace Science and Industry Shenzhen (Group) Co.,Ltd. Vice General Manager Professor Mr. Lan Binnan နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ကျင်းပ

နေပြည်တော် မတ် ၃၁

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ဆွေးနွေးခြင်း၊ လွှတ်တော်က အတည်ပြုခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များသို့ သံတမန်များ၊ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များ သွားရောက်လေ့လာကြမည်

ရန်ကုန် မတ် ၃၁

၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များသို့ သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များအား လာရောက်လေ့လာသတင်းယူခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများအား မတ် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌တွေ့ဆုံ၍ မဲဆန္ဒနယ်များအလိုက် အဆင်ပြေချောမွေ့စွာ သွားရောက်လေ့လာနိုင်ရေးနှင့် သိသင့်သိထိုက်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး နယ်မြေအလိုက် လိုက်ပါမည့် ဆက်ဆံရေးအရာရှိများလည်း စီစဉ်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်များနှင့် နိုင်ငံတကာမှ လေ့လာသူ ၁၅၆ ဦးတို့အား ၎င်းတို့ဆန္ဒအလျောက် သွားရောက်လိုသည့် နေရာများသို့ သွားရောက်လေ့လာနိုင်ရေးအတွက် စီစဉ်ပေးခဲ့သည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနကလည်း နိုင်ငံတကာမှ လာရောက် သတင်းယူကြသည့် သတင်းဌာနအသီးသီးမှ သတင်းထောက်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုရေးကောင်တာ ဖွင့်လှစ်၍ စနစ်တကျ မှတ်ပုံတင်စိစစ်ကာ နယ်မြေအသီးသီးသို့ သွားရောက်လေ့လာကြည့်ရှုမှု အဆင်ပြေစေရေးအတွက် သတင်းထောက်ကတ်များ ထုတ်ပေးလျက်ရှိရာ မတ် ၃၁ ရက်အထိ ရွေးကောက်ပွဲကို သတင်းရယူရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ပြည်ပသတင်းဌာနများမှ သတင်းထောက်ဦးရေ စုစုပေါင်း ၁၃၇ ဦး ရှိကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်း နိုင်ငံခြားသတင်းထောက်များအသင်းမှ ၂၇ ဦးနှင့် ပြည်တွင်းဂျာနယ်များမှ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ သတင်းထောက်များ စုစုပေါင်း ၄၂၇ ဦးတို့အား လိုအပ်သည့် သတင်းထောက်ကတ်များ ထုတ်ပေးပြီး သတင်းများ လွယ်ကူချောမွေ့စွာ ရယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ **(သတင်းစဉ်)**

ထုတ်ပေး

ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် နယ်မြေအသီးသီးသို့ သွားရောက်သတင်းရယူမည့် သတင်းဌာနများမှ သတင်းထောက်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုရေးကောင်တာ ဖွင့်လှစ်၍ သတင်းထောက်ကတ်များ ထုတ်ပေးစဉ်။
(သတင်းစဉ်)

ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) မျက်နှာစုံညီစည်းဝေး

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၏ မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ်များရွေးချယ်ပွဲကို မတ် ၂၉ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ကျင်းပရာ ဥက္ကဋ္ဌပန်းချီဆရာကြီး ဦးသောင်းဟန် အမှူးပြုသော အမှုဆောင်များ၊ မြန်မာပြည်တစ်ဝန်းမှ ပန်းဆယ်မျိုးပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌပန်းချီဆရာကြီး ဦးသန့်စင်(ခ) လှတင်ထွန်းနှင့် နာယကများကိုယ်စား နာယက ပန်းချီဦးမြဟန်က အမှာစကားပြောကြားကြပြီး ကော်မတီအသီးသီး၏ အစီရင်ခံစာများ ဖတ်ကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ကိုယ်စားလှယ်များက လျှို့ဝှက်မဲပေးစနစ်ဖြင့် အဆင့်ဆင့်ရွေးချယ်လာခဲ့ရာ ဒုတိယလေးနှစ်သက်တမ်းအတွက် ဥက္ကဋ္ဌ ပန်းချီ ဦးမောင်မောင်လှမြင့်၊ အတွင်းရေးမှူး ဦးနီပိုဦးတို့ပါဝင်သော အလုပ်အမှုဆောင်အသစ်ကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ **(ရိုးရာပန်းပညာရှင်များအစည်းအရုံး)**

■ *ကျော့ဖုံးမှ*

တစ်ဖက်သုံးဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ မန်စီးတီးတို့ ယင်းပွဲသရေပွဲဖြစ်ခဲ့သဖြင့် မန်ယူနှင့် နှစ်မှတ်ကွာနေသည်။ ဧပြီ ၂ ရက်တွင် မန်ယူက ဘလက်ဘန်းကို အနိုင်ကစားခဲ့လျှင် မန်ယူက ငါးမှတ်အသာဖြင့် ဦးဆောင်နိုင်မည်ဖြစ်သည်။

ချယ်လ်ဆီးက အက်စ်တွန်ဗီလာအိမ်ကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့်နိုင်၍ ဇယားနံပါတ် ၄ နေရာ တက်လာသည်။ အခြားပွဲများအဖြစ် အဲဗာတန်က ဝက်စ်ဘရွန်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖူလ်ဟမ်က နော့ဝှစ်ကို နှစ်ဂိုး-တစ်ဂိုး၊ ကျူပီအာက အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဝီဂန်က စတုတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘော်လ်တန်က ဝုဗ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိသွားသည်။ ***(အင်တာနက်)***

❍ *ကျော့ဖုံးမှ*

သူမသည် မီယာမီမာစတာဖလား ဗိုလ်လုပွဲသို့ ၂၀၀၅၊ ၂၀၀၆ နှင့် ၂၀၁၁ ခုနှစ်များက တက်ရောက်နိုင်ခဲ့သည်။ ပြီးခဲ့သည့်နှစ်က အဇာရင်ကာကိုရှုံးပြီး ဖလားလက်လွှတ်ခဲ့ရသည်။ ရှာရာပိုဗာသည် ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဗိုလ်လုပွဲမှာ အင်ဒီးယန်းဝဲလ်ဖလားပြိုင်ပွဲဖြစ်ကာ အဇာရင်ကာကို ရှုံးပြီး ဖလားလက်လွှတ်ခဲ့ရသည်။ **(အင်တာနက်)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ

၃၁-၃-၂၀၁၂

ကိုလင်း-စုစည်းသည်

ပင်လုံရုပ်ပုံလွှာ စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးဆရာ ဦးကျော်ငြိမ်း (ကလောင်အမည် ကျော်ဇောအောင်) မြန်မာသမိုင်းအဖွဲ့ဝင် ရေးသားပြုစုသည့် "ပင်လုံရုပ်ပုံလွှာ" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်၌ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက် မြန်မာ့သမိုင်းတွင် သမိုင်းတွင်ခဲ့သည့် ပင်လုံညီလာခံ၏ အခန်းကဏ္ဍနှင့် တိုင်းရင်းသားကိုယ်စားလှယ်များက ပင်လုံသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပုံများကို သမိုင်းမှတ်တမ်းတစ်ခုအနေဖြင့် တင်ပြထားသည်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသူ ၂၃ ဦး၏ ဓာတ်ပုံ၊ အတ္ထုပ္ပတ္တိနှင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကို ပြည့်စုံစွာ ရေးသားပြုစုထားကာ "ပင်လုံရုပ်ပုံလွှာ" ဟူသော အမည်ဖြင့် လစ်ဟာနေသည့် သမိုင်းကွက်လပ်ကို ဖြည့်စွက်ထားသည်။

"ပင်လုံရုပ်ပုံလွှာ" စာအုပ်ကို ပန်းမျိုးတစ်ရာစာအုပ်တိုက်မှ ထုတ်ဝေပြီး ရန်ကုန်မြို့ ပန်းမျိုးတစ်ရာစာပေ တိုက်(၉) အခန်း(၂၀၃-၂၀၄) ပုဇွန်တောင်ဥယျာဉ်အိမ်ရာ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၂၃၇၂ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၆) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၆)ကို မြန်မာ့နှစ်သစ်ကူး ပိတောက်ရွှေဝါပွင့်ဖူးချိန်ကို ကြိုဆိုလျက် ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဆလိုင်းလိန်းကြယ်ပျံ၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ချမ်းမြဆောင်း(ကလော)၊ သက်ဦးနိုင်(မြဝတီ)၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ ပုလောစိုးနှံ့သာ၊ မောင်ဘုန်းဝေ (တောင်ကုတ်)၊ အောင်သာဆန်း(သံတွဲ)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)စသည့် အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ ပြေအေး (မြင်းမူ)၊ မောင်ဆန္ဒ (လယ်ဝေး)၊ ယောဂီတိုးအောင်၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ ဒေါ်လှလှမြတ်၊ ဦးစိုးတင့်အောင်၊ မောင်မြထွေး (ပင်လယ်)၊ စစ်ကိုင်းစိမ်းစိမ်း၊ သန်းဝင်းရှိန်၊ စောအောင်(တီကျစ်)၊ ခိုင်ယဉ်မွန် (ဝိဇ္ဇာ/သိပ္ပံ)စသည့် ဆောင်းပါးများ၊ ဝတ်ရည်နန္ဒာ၊ မလေး(မုံရွာ)၊ မိုးပန်းမွန်(ရာမည)၊ အောင်ရန်နိုင်(B.Sc)၊ ဆင်ဖြူကျွန်း အောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များနှင့် ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ မှတ်သားစရာသတ်ပုံကဗျာနှင့် ကဏ္ဍစုံလင်စွာဖြင့် ဖတ်ရှုချင်စဖွယ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းကြေးအိုးနှင့် ရန်ကင်းပညာရေးကောလိပ်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ရဝေနွယ်အသစ်စာအုပ်ထုတ်ဝေ

ရဝေနွယ်(အင်းမ) ရေးသားထားသော ရဝေနွယ်အသစ်စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဆိုင်ရာမဂ်အဆင့်ဆင့်ကို မရကြသေးသော ပုထုဇဉ်အများစုမှာ အကုသိုလ်တစ်ခုခုကို သိလို့ပဲဖြစ်ဖြစ်၊ မသိလို့ပဲဖြစ်ဖြစ် ကျူးလွန်မိတတ်ကြသည်။ ကျူးလွန်ပြီးနောက်ပိုင်း နောင်တများလည်း ပူးတွဲရတတ်ကြသည်။ နောင်တနှင့်အတူ ဘယ်လိုလုပ်ရမလဲဆိုသောအဖြေကိုလည်း စဉ်းစားတတ်ကြသည်။ ၎င်းအဖြေကို စာအုပ်ထဲတွင် ဖြေပြထားသည်။ စာအုပ်ကို နေလစာပေ အမှတ်(၁၉၂) ပထမထပ်(၃၁) လမ်း (ထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

လူဝင်စားနှင့် စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများ



ဆရာတိုးထက်၏ လူဝင်စားနှင့် စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများစာအုပ်ကို ရန်အောင်စာပေမှ ဖြန့်ချိလိုက်သည်။ လူဝင်စားများစာအုပ်တွင် ထင်ရှားသော သုတေသီက "လူ၏ကိုယ်ခန္ဓာပျက်စီးသေဆုံးသော်လည်း ဝိညာဉ်သည် ဆက်လက်ရှင်သန်လျက်ရှိနေကြောင်းကို နောက်ဆုံး ဤနည်းစနစ်ဖြင့်သာလျှင် သက်သေအထောက်အထားများ ရနိုင်လိမ့်မည်ဟု ယူဆရပါကြောင်း" ဖော်ပြထားပြီး ကမ္ဘာအရပ်ရပ်တွင် ၎င်းရှာဖွေလေ့လာတွေ့ရှိထားသော လူဝင်စားများအကြောင်းကို စာရေးသူက ပြန်လည်တင်ပြထားခြင်းဖြစ်သည်။ လူဝင်စားဖြစ်ရပ်မှန်များအကြောင်းစာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ရန်အောင်စာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ကိုရီးယား-မြန်မာဝေါဟာရ



ကိုရီးယားနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် သွားလာသောမြန်မာများအတွက် အလွယ်တကူလေ့လာရန် သင့်တော်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

နိုင်ငံအမည်၊ နေ့စွဲ၊ အလုပ်အကိုင်၊ လူ၊ ကိုရီးယားပြည်နယ်၊ အဆောက်အအုံ၊ ဝတ်စုံ၊ ဆေးအမည်၊ လုပ်ငန်းခွင်သုံး ဝေါဟာရ၊ အခန်းတွင်း ပစ္စည်းများ၊ ဘဏ်၊ စာရေးကိရိယာနှင့် သက်ဆိုင်သော ဝေါဟာရများကို ကိုရီးယားစာနှင့် ကိုရီးယားအသံထွက်တို့ ပါဝင်ပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် မဏ္ဍိုမစာပေ အမှတ် (၂၃၇) (၃၉) လမ်း (ပထပ်-ဝဲ) အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဖြန့်ချိသည်။

နေပြည်တော်ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးဆုရရှိသူများ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃၁

၂၀၁၁-၂၀၁၂ ခုနှစ် ဆောင်းရာသီနှင့် နွေရာသီအတွင်း နေပြည်တော်ဝန်ထမ်းအိမ်ရာများတွင် တိုက်အလိုက် အကောင်းဆုံးစိုက်ပျိုးရေးဆုနှင့် တစ်ဦးချင်းအကောင်းဆုံး စိုက်ပျိုးဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ၌ မတ် ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

ရှေးဦးစွာ ဝန်ထမ်းအိမ်ရာများတွင် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် နေပြည်တော်အား ကမ္ဘာ့အဆင့်မီ မြို့တော်ဖြစ်စေရန် ဘက်ပေါင်းစုံမှ တည်ဆောက်ပေးလျက်ရှိပြီး သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်သော Green City အဖြစ်ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနရုံးများအနေဖြင့် ပတ်ဝန်းကျင်သစ်တောများ စိမ်းလန်းစိုပြည်လှပစေရေး ကွက်လပ်ဖြည့် စိုက်ခင်းများ၊ သစ်တောထိန်းဧရိယာများ တိုးချဲ့ခြင်း၊ ဝန်ကြီးဌာနရုံးများ ဝန်းကျင်တွင် နှစ်ရှည်သီးနှံစားပင်များ စိုက်ပျိုးခြင်းများ၊ လျှိုပိတ်ဆည်ငယ်များ တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့နေထိုင်ရာ အိမ်ရာတိုက်ခန်းများ ပတ်ဝန်းကျင်တွင် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်စေရန်နှင့် မိသားစုအပိုဝင်ငွေရရှိစေရန်အတွက် သီးပင်၊ စားပင်၊ ပန်းအလှပင်နှင့် ရာသီသီးနှံပင်များအား စိုက်ပျိုးစေခဲ့ကြောင်း။

ယင်းကဲ့သို့ စိုက်ပျိုးခြင်းဖြင့် အိမ်ရာ ဝန်းကျင်ချုံနွယ်များ မရှိ၍ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပပြီး လုံခြုံမှုရှိခြင်း၊ မိမိလိုအပ်သော အချိန်တွင် သီးနှံပင်များအား လတ်လတ်ဆတ်ဆတ် ခူးဆွတ်စားသုံးနိုင်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာကင်းစင်သော အသီးအနှံများကို စားသုံးနိုင်ခြင်း၊ သီးပင်စားပင်များ ပြုစုစိုက်ပျိုးခြင်းဖြင့် ကိုယ်လက်လှုပ်ရှားမှုဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ချီးမြှင့်ပေးမည်

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဝန်ထမ်းအိမ်ရာ တိုက်ပေါင်း ၁၀၂၄ လုံး၊ ဝန်ထမ်းအိမ်ခန်း ၁၈၀၈၀ တို့တွင် နေထိုင်သောဝန်ထမ်းများအား စစ်ဆေးရေးအဖွဲ့ (၈)ဖွဲ့ဖြင့် စစ်ဆေး၍ အမှတ်ပေးစနစ်ဖြင့် ဆောင်ရွက်ခဲ့သဖြင့် အကောင်းဆုံးတိုက် ၁၆ လုံးနှင့် တစ်ဦးချင်းအကောင်းဆုံး တိုက်ခန်းအခန်း ၂၀ တို့အား ရွေးချယ်ပေးခဲ့ကြောင်း၊ ရွေးချယ်ပေးခဲ့သည့် တိုက်များနှင့် တစ်ဦးချင်းအကောင်းဆုံး စိုက်ပျိုးရေးဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် လာမည့် မိုးရာသီတွင်လည်း အိမ်ရာများအလိုက် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများကို နေရာလပ်မရှိ ပိုမိုတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးသွားကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က တိုက်အလိုက် ပထမဆုရရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန တိုက်အမှတ်(၁၃၁၄)မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်းပထမဆုရရှိသူ တိုက်အမှတ်(၁၃၂၃)မှ ဦးစိန်ရွှေတိုး ယာဉ်မောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက တိုက်အလိုက် ဒုတိယဆုရရှိသည့် စက်မှုဝန်ကြီးဌာန တိုက်အမှတ်(၃၁၁)မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း ဒုတိယဆုရရှိသူ တိုက်အမှတ်(၂၃၇၀)မှ ဦးကျော်သိန်း ဌာနခွဲစာရေး ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့အား လည်းကောင်း။

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက တိုက်အလိုက် တတိယဆုရရှိသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ တိုက်အမှတ် (ဘီ-၁)မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း တတိယဆုရရှိသူ တိုက်အမှတ်(၁/၀၂)မှ ဦးသက်နှင်းဦး ဒုတိယ ညွှန်ကြားရေးမှူးချုပ် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့အား လည်းကောင်း။

နေပြည်တော်ကောင်စီဝင် ဦးကံချွန်က တိုက်အလိုက် စတုတ္ထဆု ရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန တိုက်အမှတ် (၉၆) မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း စတုတ္ထဆုရရှိသူ တိုက်အမှတ်(၂၃၁)မှ ဦးထွန်းတင်၊ ဒုတိယမန်နေဂျာ ပို့ဆောင်ရေးဝန်ကြီးဌာနတို့အား လည်းကောင်း။

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က တိုက်အလိုက် ပဉ္စမဆုရရှိသည့် သာသနာရေးဝန်ကြီးဌာန တိုက်အမှတ် (၁၂၀၃)မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း ပဉ္စမဆုရရှိသူ တိုက်အမှတ် (၇၀၅) မှ ဦးစိန်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး စက်မှုဝန်ကြီးဌာနတို့အား လည်းကောင်း။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက တိုက်အလိုက် ဆဋ္ဌမဆု ရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန တိုက်အမှတ် (၄၃၂၁)မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း ဆဋ္ဌမဆုရရှိသူ တိုက်အမှတ် (၉၆)မှ ဒေါ်ကေစီငွေ လက်ထောက်ညွှန်ကြားရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာနတို့အား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များက တိုက်အလိုက် နှစ်သိမ့်ဆုများရရှိသည့် ဝန်ထမ်းများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယခုကျင်းပသည့် စိုက်ပျိုးရေးအကောင်းဆုံး ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တိုက်အလိုက်နှင့် တစ်ဦးချင်းပထမမှ တတိယအထိ ဆုရရှိသူများအား ဆုဖလားများအပြင် ငွေသားနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများကိုလည်းကောင်း၊ တိုက်အလိုက်နှင့် တစ်ဦးချင်း စတုတ္ထဆု၊ ပဉ္စမဆု၊ ဆဋ္ဌမဆုနှင့် နှစ်သိမ့်ဆုများအတွက် ငွေသားနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ယနေ့ချီးမြှင့်သည့် ဆုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်သော ရေစုပ်မော်တာ၊ ရေပိုက်၊ ဆေးဖျန်းပုံး၊ မြေသြဇာ၊ မျိုးစေ့များ၊ ရေဖျန်းခရား၊ ပေါက်ပြား၊ ဂေါ်ပြား၊ တူးရွင်းပြား၊ ခက်ရင်း၊ ထွန်ခြစ်၊ ကိုင်းခုတ်ဓား၊ လက်အိတ်၊ ပျိုးအိတ်၊ ပန်းအိုး၊ ကိုင်းဖြတ်ကတ်ကြေးတို့၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၉၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် တိုက်အလိုက် အကောင်းဆုံးစိုက်ပျိုးရေးဆုနှင့် တစ်ဦးချင်းအကောင်းဆုံး စိုက်ပျိုးဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆရာ ဆရာမများသည် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေကြသူများဖြစ် ပညာရေးကဏ္ဍ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များ အထူးလေ့လာ၍ စနစ်တကျဆောင်ရွက်

နေပြည်တော် မတ် ၃၁

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့်တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၅၀၀ ဦးတို့ တက်ရောက်ကြသည်။

အမျိုးသားပညာရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာ၌ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဆိုသည့် အင်အား(၃)ရပ်ကို တောင့်တင်းခိုင်မာအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ အင်အား(၃)ရပ် တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရန်အတွက် လိုအပ်သော နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များကိုလည်းကောင်း၊ အစိုးရအဖွဲ့သစ်၏အရေးကြီးဆုံး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကိုလည်းကောင်း ပီပီပြင်ပြင်နှင့် ရှင်းလင်းပြတ်သားစွာ ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျဖြင့် ရည်မှန်းချက်ရှိရှိ ပြောင်းလဲတိုးတက်နိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် တက္ကသိုလ် ကောလိပ် အသီးသီးမှ ဆရာ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍမှ မိမိတို့ကာယဉာဏ စွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်သွားကြရန်လိုကြောင်း။

တက္ကသိုလ်၊ ကောလိပ်စုစုပေါင်း ၁၆၃ ခု၌ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအားလုံးတို့သည် နိုင်ငံတော်အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနေကြသူများ ဖြစ်ကြောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်း တစ်ရပ်ပေါ်ထွန်းလာရေးနှင့် မြန်မာ့စီးပွားရေး ဦးမော့လာရေးအတွက် အဓိက အရင်းအမြစ်ဖြစ်သော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီဖော်ဆောင်နေပြီဖြစ်ကြောင်း၊ ခေတ်စနစ်နှင့်အညီ သင်ရိုးညွှန်းတမ်းများကိုသာမက စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကိုပါ ဒွန်တွဲဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များသည် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ ကွပ်ကဲမှုအောက်တွင်ရှိနေမည် ဖြစ်သော်လည်း တစ်ချိန်တွင် မိမိတက္ကသိုလ်နှင့် မိမိ အုပ်ချုပ် စီမံခန့်ခွဲပိုင်ခွင့်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်များအားလုံးတွင်လည်း သမားရိုးကျစာကြည့်တိုက်များသာမက နိုင်ငံတကာအဆင့်မြင့် တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ထားသည့် အွန်လိုင်းစာကြည့်တိုက်များရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နည်းပညာခေတ်၊ ပညာခေတ်တွင် နောက်ကျကျန်ရစ်ခဲ့သည့် Digital Divide ကို လျော့နည်းပပျောက်စေရန်အတွက် အင်တာနက်ချိတ်ဆက်မှုများ၊ လက်တွေ့အသုံးချမှု Telecommunication ကွန်ရက်များ မြှင့်တင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း R & BD (Research and Business Development) နှင့်အညီ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် နယ်မြေအသီးသီးက ကဏ္ဍအသီးသီး၌ သုတေသနလုပ်ငန်းများကို ဆရာ ဆရာမများအနေဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရသစ်၏ အမျိုးသားရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်များကို အထူးဂရုပြု လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကဏ္ဍနှင့် ပတ်သက်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များကို အထူးလေ့လာကာ စနစ်တကျလိုက်နာ ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ အုပ်ချုပ်မှုစနစ်ကောင်းမွန်သည့် (Good Governance) အစိုးရကောင်းတစ်ရပ်ဖြစ်ပေါ်ပြီး သန့်ရှင်းသည့်အစိုးရ (Clean Government) ဖြစ်ရန် ဆောင်ရွက်ရာတွင် ကောင်းမွန်ပြီး စီမံခန့်ခွဲမှုထူးခြားသည့်စံများရရှိအောင် ကျရာကဏ္ဍမှ ပါဝင်ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍကိုလည်း အလေးပေးဆောင်ရွက်သွားကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် အမျိုးသားပညာရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရ သင်တန်းသားသင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် သင်တန်းဆင်းဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုက္ကိုင်းရေကူးအသင်း၏ နွေရာသီရေကူးသင်တန်းဆင်း

ရန်ကုန် မတ် ၃၁

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၂ ခုနှစ်အတွက် ပထမအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီခွဲက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါ ရေကူးအသင်း၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(စိန်လျှံ)တို့က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် ကုက္ကိုင်းရေကူးအသင်း ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် **(ဝဲပုံ)** တို့က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ယင်းနောက် သက်တန်းအလိုက် ရေကူးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ သင်တန်း နည်းပြဆရာများအတွက် ဂုဏ်ပြုဆုငွေနှင့် သင်တန်း၌ အသက်အငယ်ဆုံး သင်တန်းသားတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ **(ရေကူးအသင်း)**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးရွာနိုင်

နေပြည်တော် မတ် ၃၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မြင်းခြံမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၀၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **ထူးခြားသည့်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ပက်(ခ်) ရာ" သည် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၂၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါအပူပိုင်းမုန်တိုင်းသည် အနောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားပြီး ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စာပေမြင့်မှ လူမျိုးတင့်မည်

အဘိုးအဘွားများအား အာဟာရဒါနကျွေးမွေး

ပြည် မတ် ၃၁

ပြည်မြို့ ခေတ္တရာ ဘိုးဘွားရိပ်သာ၌ ပြည်မြို့နယ် သမဝါယမဦးစီးဌာနမှူး ဒေါ်အုန်းရီ ဦးဆောင်၍ မတ် ၆ ရက်က သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် ပြည်မြို့ပေါ်ရှိ အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အမှုဆောင်ဒါရိုက်တာများက အဘိုးအဘွားများအား နံနက်စာ အာဟာရဒါနများ ကျွေးမွေးလှူဒါန်း၍ ဘိုးဘွားရိပ်သာအား သန့်ရှင်းရေးလုပ်အားဒါနပြုခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်သမဝါယမ)**

မတ် ၂၅ ရက်က ကွယ်လွန်သူမိဘများနှင့် ဆွေမျိုးများကိုရည်စူး၍ ဦးတင်ဝင်း ဒေါ်သက်သက်နှင်း၊ (သား) မောင်အောင်ချမ်းမြ၊ (သမီး)မမေသက်ခိုင်တို့က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ပဒေသာပင်ငွေကျပ်တစ်သိန်းကို ရိပ်သာအလုပ်အမှုဆောင် တွဲဖက်အတွင်းရေးမှူး ဦးကျော်သန်းထံ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်စေရန်အတွက် အထောက်အကူပြု ဆည်တမံများစွာကို နိုင်ငံတော်က ဒေသအနှံ့တည်ဆောက်ပေးလျက်ရှိရာ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် ဝါရှောင်ဆည်ကို တွေ့ရစဉ်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများ

သတင်းမှတ်စု - မောင်ငြိမ်းအေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအနီးရှိ မိုးဗြဲဆည်မှ ရေအား လျှပ်စစ်ရရှိရေးကို ဆောင်ရွက်ပေးနိုင်သည့်အပြင် စိုက်ပျိုးရေအတွက်လည်း အထောက်အကူပြုသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် တည်ဆောက်ထားသော ဘုရားကုန်းရေလှောင်တမံကလည်း နွေသီးနှံအတွက် စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသည်။

ကချင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပေးထားသော ကာဘိုးဆည်ကို တွေ့ရစဉ်။

စိန်ရတုအထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတက်ရောက်

ရန်ကုန် မတ် ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့ အထက(ခွဲ)မြို့မ၌ ဆောက်လုပ်ပြီးစီးသည့် စိန်ရတုအထိမ်းအမှတ် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် ကျောင်းအကျိုးတော်ဆောင် ဦးသိန်းထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းက ကျေးဇူးတင်စကားပြောကြားသည်။

စိန်ရတုကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာန၏ ထည့်ဝင်ငွေကျပ်သိန်း ၂၀၀၊ ရပ်မိရပ်ဖ ကျောင်းသား ကျောင်းသူများနှင့် အလှူရှင်များ၏ ထည့်ဝင်ငွေကျပ်သိန်း ၆၀၀ စုစုပေါင်း ငွေကျပ် သိန်း ၈၀၀ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဇနီးဒေါ်နီနီမိသားစု၏ လှည်းကူးမြို့နယ် ဖောင်ကြီးတိုက်နယ် တပ်ဦးမင်းကုန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည့် ဖောင်ကြီးတိုက်နယ်ရှိ ကျေးရွာအုပ်စုခုနစ်စုမှ ဆင်းရဲနွမ်းပါးကလေးငယ် ၁၂၅ ဦးအား သာသနာ့ဘောင်အတွင်း သွတ်သွင်းပေးသည့် ရှင်ပြုအလှူမင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံ မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျုံတာရှမ်းတွင်းကျေးရွာ ဖျာပုံခရိုင် ကိုယ်စား ပြု နွေစပါးတောင်သူပညာပေး စံပြစိုက်ခင်းတွင် အထူးအထွက်တိုး

ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးရေး ဖျာပုံ၌နည်းပညာပေး

ပုလဲသွယ် စပ်မျိုးစပါး စိုက်ပျိုးမှုဟောပြောပွဲနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်း (၄/၂၀၁၂)ဖွင့်ပွဲကို အဆိုပါကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်း၌ မတ် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးလှဝေ၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် စံပြစိုက်ပျိုးခင်းတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမောင်မောင်သွင်က အောင်မြင်ဖြစ်ထွန်းနေသော ရက်သား ၉၀ ပုလဲသွယ်စပ်မျိုးစပါးအား လက်တွေ့ပြသကာ ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေး၊ လက္ခဏာများကို ရှင်းလင်းဆွေးနွေး ပြီးနောက် တိုင်းဒေသကြီးနှင့် ခရိုင်ဦးစီးမှူးများက ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး/မြေစာရင်းဝန်ထမ်းများနှင့် သင်တန်းသားများ၊ စိတ်ပါဝင်စားသည့် တောင်သူများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

အိမ်မဲမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း (ကန်ကြီးဒေါင့်ကုန်းကျေးရွာအပိုင်း) ကတ္တရာထပ်ပိုးလွှာခင်း လမ်းဖွင့်ပွဲကို မတ် ၁၈ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လွှတ်တော်အတွေ့အကြုံ သုံးဆယ်မြို့၌ရှင်းလင်းပွဲကျင်းပ

သုံးဆယ် မတ် ၃၁

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် သုံးဆယ်မြို့ ရတနာဝင်းအဆင့်မြင့်ရုပ်ရှင်ရုံခန်းမ၌ မတ် ၂၅ ရက် နံနက် ၉နာရီက တိုင်းဒေသကြီးလွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်က လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးမြင့်လွင်ဦးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြီးနောက် တက်ရောက်လာသူများက လိုအပ်သည်များမေးမြန်းရာ ဝန်ကြီးက ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျွဲ၊ နွားလည်ချောင်းကွဲရောဂါ ကာကွယ်ဆေးအခမဲ့ထိုးပေး

လောင်းလုံး မတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းဇော်၊ လက်ထောက်ကြီးကြပ်ရေးမှူး ဦးသီဟနှင့် ဦးအောင်ကိုဦးတို့အဖွဲ့သည် မတ် ၁၂ ရက်က စစ်ပြကျေးရွာအုပ်စုတွင် ကျွဲ၊ နွားများကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အားကစားဂုဏ်ပြုဆုဖလားလွှဲပြောင်းပေးအပ်ပွဲ ကျုံပျော်မြို့နယ်၌ ကျင်းပ

ကျုံပျော် မတ် ၃၁

၂၀၁၁ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုတွင် အားကစားဝန်ကြီးဌာနမှ ချီးမြှင့်သော တစ်နိုင်ငံလုံးတွင် အတက်ကြွဆုံး ဒုတိယဆုရရှိသည့် ဆုဖလားအား ကျုံပျော်မြို့နယ်အားကစားနှင့် ကာယပညာကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၁၆ရက် နံနက် ၁၀နာရီက ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိန်က ဂုဏ်ပြု အမှာစကားပြောကြားပြီးနောက် ဂုဏ်ပြုဆုဖလားကို နည်းစနစ်မှူး ဦးတင်ထွန်းက မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း အသိပေးရှင်းလင်းဆွေးနွေးပွဲ စဉ့်ကူးမြို့၌ကျင်းပ

စဉ့်ကူး မတ် ၃၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း(၂၀၁၂) အသိပေးရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းမြင့်က စဉ့်ကူးမြို့နယ်အတွင်း ကျေးရွာအုပ်စု စုရပ်များတွင် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်များကို အသေးစိတ် အသိပေးရှင်းလင်းပြီးနောက် တက်ရောက်လာကြသူများက သိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဆရာဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း လပွတ္တာမြို့နယ်၌ ကျင်းပ

လပွတ္တာ မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း တစ်မြို့နယ်လုံး အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကို မတ် ၂၂ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အာဟာရမုန့်များပေးဝေ

အခမ်းအနားကို လပွတ္တာမြို့နယ် အမှတ် (၇)ရပ်ကွက်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာ စံရွှေဝင်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ စိန်လှိုင်၊ ခရိုင်ရဲမှူးဝင်းကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကိုဆောင်ရွက်ပြီးနောက် ငါးနှစ်အောက်ကလေးများအား အာဟာရမုန့်များပေးဝေခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကော့သောင်း၌ ကျန်းမာရေးအသိပညာပေး လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဟောပြော

ကော့သောင်း မတ် ၃၁

ကော့သောင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေးအသိပညာပေးနှင့် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာဟောပြောပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၁၀နာရီက ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်း **(အောက်ပုံ)**က အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ် ဒေါက်တာဒေါ်စန်းစန်းသီက ကျန်းမာရေးအသိပညာပေးအကြောင်းအရာများ၊ မြို့နယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့ တာဝန်ခံ ဒုတိယရဲမှူးရိုလင်က လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ သိကောင်းစရာများ မကွေး၌ရှင်းလင်း

မကွေး မတ် ၃၁

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်သည့် အဖွဲ့အစည်းများအတွက် သိကောင်းစရာများရှင်းလင်းသည့် အခမ်းအနားကို မတ် ၁၆ ရက် နံနက် ၉နာရီခွဲက မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား UN Mission on By Election အဖွဲ့ လာရောက်တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား UN Mission on By Election အဖွဲ့မှ Asia and the Pacific Division Department of Political Affairs, Director, Mr. Tamrat Samuel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လေ့လာရန်ရောက်ရှိနေသော UN Mission on By Election အဖွဲ့မှ Asia and the Pacific Division Department of Political Affairs, Director, Mr. Tamrat Samuel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ နေအိမ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးရေး ဆိုင်ရာများနှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများက ဥပဒေနှင့်အညီ ပါဝင်ယှဉ်ပြိုင်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာအနုပညာ

မြင့်မောင်စိုး - ရေးသားသည်

တိုင်တန်းနစ် သရီးဒီရုပ်ရှင်ကား အင်္ဂလန်တွင် ပွဲဦးထွက်ပြသ

လန်ဒန် မတ် ၃၁

တိုင်တန်းနစ်ရုပ်ရှင်ကားကြီးဟာ ၁၉၉၇ ခုနှစ်က ကမ္ဘာတစ်ဝန်း ဝက်ဝက်ကွဲအောင် လူကြိုက်များကြည့်ရှုခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ပါတယ်။ ယခုအခါမှာတော့ ဒီဇာတ်ကားကြီးကို သရီးဒီဇာတ်ကားအဖြစ် ဒါရိုက်တာဂျိမ်းစ်ကင်မရွန်းက စီစဉ်ရိုက်ကူးပြသခဲ့ပါတယ်။ မတ် ၃၁ ရက်က တိုင်တန်းနစ် သရီးဒီရုပ်ရှင်ကားကြီးကို လန်ဒန်မြို့မှာ ပွဲကြိုပရက်စ်ရှိုးပွဲအဖြစ် ပြသခဲ့ရာ မင်းသမီး ကိတ်ဝင်းစလက်နဲ့ ဒါရိုက်တာဂျိမ်းစ်ကင်မရွန်းတို့ တက်ရောက်ခဲ့ကြပါတယ်။

ဒီတိုင်တန်းနစ် သရီးဒီရုပ်ရှင်ကားကြီး ပြသနိုင်မှုမှာ တိုင်တန်းနစ် သင်္ဘောကြီးနစ်မြုပ်ခဲ့တဲ့ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်နဲ့လည်း တိုက်တိုက် ဆိုင်ဆိုင် ဖြစ်နေတယ်လို့ ဒါရိုက်တာဂျိမ်းစ်ကင်မရွန်းက ဆိုပါတယ်။ တိုင်တန်းနစ်သင်္ဘောကြီးဟာ ၁၉၁၂ ခုနှစ် ဧပြီ ၁၅ ရက်က နစ်မြုပ်ခဲ့ပြီး လူ့အသက်ပေါင်း ၁၅၀၀ ကျော် သေဆုံးခဲ့ရတဲ့ သင်္ဘောနစ်မြုပ်မှုကြီး ဖြစ်ပါတယ်။ တိုင်တန်းနစ်ရုပ်ရှင်ကားကြီးမှာ အဓိကသရုပ်ဆောင်တွေ အဖြစ် မင်းသမီး ကိတ်ဝင်းစလက်နဲ့ မင်းသား လီယိုနာဒိုဒီကာပရီယိုတို့က ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဝင်ငွေ ၁ ဒသမ ၈ ဘီလီယံအထိ ရရှိခဲ့တယ်လို့ ဆိုပါတယ်။ **(အင်တာနက်)**

ပရိသတ်အား အော်တိုရေးပေး နေသော မင်းသမီးကိတ်ဝင်းစလက်။

မြန်မာ့အလင်း နိုင်ငံတကာအားကစား

➤ ကောင်းမြတ်သူ - စုစည်းသည် ➤

ဆန်းဒါးလန်းအသင်းမှ ဘင့်တနာ မန်စီးတီးအသင်းဘက်သို့ ကန်သွင်းနေစဉ်။

မန်စီးတီးအိမ်ကွင်း၌ သရေပွဲကျုံ့ ချယ်လ်ဆီးတို့ အဝေးကွင်း၌အနိုင်ရ

လန်ဒန် မတ် ၃၁

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၃၁) ဘောလုံးပြိုင်ပွဲများကို မတ် ၃၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးနှင့် ဆန်းဒါးလန်းတို့ပွဲတွင် တစ်ဖက် သုံးဂိုးစီ အပြန်အလှန်သွင်းယူပြီး သရေပွဲဖြစ်သွားခဲ့သည်။

ပထမပိုင်းတွင် လာဆင်နှင့် ဘင့်တနာတို့က ဆန်းဒါးလန်းအတွက် သွင်းယူပေးပြီး ဘာလော့တယ်လီက ပယ်နယ်တီမှတစ်ဆင့် ချေပဂိုး တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် ဆန်းဒါးလန်းမှ လာဆင်က တတိယ မြောက်ဂိုး သွင်းယူခဲ့သည်။ မန်စီးတီးတို့ ချေပဂိုးသွင်းယူနိုင်ရေး တန်ပြန် တိုက်စစ်ဆင်ကစားခဲ့ရာ ဘာလော့တယ်လီနှင့် ကိုလာရော့ဗ်တို့က တစ်ဂိုးစီ ထပ်မံသွင်းယူခဲ့ကြသဖြင့် ***စာမျက်နှာ ၇ ကော်လံ ၁*** ■

မီယာမီမာစတာဖလားပြိုင်ပွဲ ရှာရာပိုဗာ ဗိုလ်လုပွဲတက်ပြီ

မီယာမီ မတ် ၃၁

ရုရှားနာမည်ကြီးတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် မတ် ၃၁ ရက်က အမေရိကန်နိုင်ငံ မီယာမီမြို့၌ ကျင်းပလျက်ရှိသည့် မီယာမီ မာစတာဖလားတင်းနစ်ပြိုင်ပွဲတွင် ဒိန်းမတ် တင်းနစ်မယ် ဝေ့ါဇ်နီယာစကီအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ရှာရာပိုဗာ **(ယာပုံ)**သည် အဆိုပါ မီယာမီမာစတာဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ စတုတ္ထအကြိမ်မြောက် တက်လှမ်းလာခြင်းဖြစ်သည်။ သူမသည် ဝေ့ါဇ်နီယာစကီအား အချိန် ၂ နာရီနှင့် ၃၄ မိနစ်ကြာ ကစားခဲ့ရပြီး ၄-၆၊ ၆-၂၊ ၆-၄ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အသက် ၂၄ နှစ်ရှိ မာရီယာရှာရာပိုဗာသည် ဗိုလ်လုပွဲတွင် ပိုလန်တင်းနစ်မယ်

ရက်ဝမ်စကာ သို့မဟုတ် ပြင်သစ်တင်းနစ်မယ် ဘာတိုလီနှင့် ကစားရမည်ဖြစ်သည်။ ယင်းပွဲတွင် ရှာရာပိုဗာ ဖလားဆွတ်ခူးနိုင်ခဲ့လျှင် သူမ၏ တင်းနစ်အားကစားသမားဘဝ သက်တမ်းတစ်လျှောက် ဆွတ်ခူးနိုင်ခဲ့သည့် ၂၅ လုံးမြောက်ဖလားဖြစ်လာမည်။ ***စာမျက်နှာ ၇ ကော်လံ ၃*** ○

မြန်မာ့အလင်း ကျန်းမာရေးသုတ

မောင်ချစ်ကြည် - ရေးသားသည်

နေ့လယ်စာစားပြီးချိန် သွားတိုက်ပါက သွားပိုးစားခြင်းမှ ကာကွယ်နိုင်ဟုဆို

စတော့ဟုမ်း မတ် ၃၁



သွားပိုးစားခြင်းကြောင့် သွားများတွင် အခေါင်းပေါက်ဖြစ်ပြီး သွားကိုက်ခြင်းဝေဒနာမှ ကာကွယ်နိုင်ရန်အတွက် နေ့စဉ် နေ့လယ်စာ စားသုံးပြီးပါက ပုံမှန်သွားတိုက်ပေးသည့် အလေ့အကျင့် ပြုလုပ်ပေးသင့်ကြောင်း ဆွီဒင်နိုင်ငံ ရှီသန်ဘာတ် တက္ကသိုလ်မှ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုသို့သွားတိုက်ရာတွင် သွားကျန်းမာရေးကို အထောက်အကူ ပေးနိုင်သည့် ဖလိုရိုက်ဒ်ဒြပ်ပေါင်း ပါဝင်သည့် သွားတိုက်ဆေးကိုသာ အသုံးပြုသင့်ကြောင်း ၎င်းတို့က ပြောကြားသည်။ ဖလိုရိုက်ဒ်ဒြပ်ပေါင်းသည် သွားကိုက်ဝေဒနာနှင့် သွားပိုးစားခြင်းကို အကောင်းဆုံး ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ဖလိုရိုက်ဒ်ဒြပ်ပေါင်းများစွာ ပါဝင်သော သွားတိုက်ဆေးဖြင့် နေ့လယ်စာ စားပြီးချိန် သွားတိုက်လေ့ရှိသူများကို ရှစ်နှစ်ကြာမျှ လေ့လာသုတေသနပြုခဲ့ရာ သွားကိုက်ရောဂါနှင့် သွားပိုးစားခြင်းရောဂါများ မဖြစ်ပွားကြကြောင်း တွေ့ရှိခဲ့ရသည်ဟု ၎င်းတို့ကပြောကြားသည်။

ထို့အပြင် ဖလိုရိုက်ဒ်ဒြပ်ပေါင်းများစွာပါဝင်သော သွားတိုက်ဆေးဖြင့် နေ့လယ်စာ စားပြီးချိန် အပါအဝင် နံနက်အိပ်ရာထချိန်နှင့် ညအိပ်ရာဝင်ချိန်များ၌ပါ တစ်နေ့ သုံးကြိမ် သွားတိုက်နိုင်ပါက သွားရောဂါကြောင့် ဆရာဝန်ထံ လုံးဝ ပြသစရာ မလိုကြောင်းလည်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပစိဖိတ်သမုဒ္ဒရာအတွင်း ၂၈ ရက်ကြာ မျောပါခဲ့သည့် ပနားမား လူငယ်တစ်ဦးအား ကယ်ဆယ်နိုင် စာ-၅

နှစ်ပေါင်း ၃ ဒသမ ၄ သန်းခန့်က ရှေးခေတ်လူသားတို့၏ရုပ်ကြွင်း အီသီယိုးပီးယား၌ တွေ့ရှိ စာ-၅

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် သောက်သုံးရေ နှင့် စိုက်ပျိုးရေရရှိရေး စာ-၉ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများ